ခန္တီ စ ဧတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပို့

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိက သမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းခံရသော မစ္စတာ၊ တာဘို၊ အမ်၊ အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၀၄)
၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်
(၂၀၀၄ခုနှစ်၊ ဧပြီ၂၈ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

စာမျက်နှာ ၈ ကော်လံ ၁ ❑

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂုဏ်ထူးဆောင်ကိုရီးယားကောင်စစ်ဝန်ချုပ်အားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr. Won Bac Dahn အား ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

29-4 (1).p65 1 04/29/2004, 2:16 AM

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

ခေတ်မီစက်မှုနိုင်ငံ ထူထောင်နိုင်ရေး လျှပ်စစ်စီမံကိန်းများ အမြန်ပြီးစီးအောင်ကြိုးပမ်း

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားကဲ့သို့သော ကဏ္ဍဖြစ်သည်။ လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ် ဆက်နွှယ်လျက်ရှိသည်။

တိုင်းပြည်၏ တည်ရှိနေသော သဘာဝသယံဇာတစွမ်းအားအခြေအနေနှင့် အခြားဖြစ်ပေါ်နေသော အခြေအနေများအပေါ် တည်မှီ၍ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်ရာ၌ မဟာဓာတ်အားလိုင်းစနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ပြီး အချက်အချာကျသည့် နယ်မြေဒေသများနှင့် အဓိကစက်မှုနယ်မြေများကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ဖြစ်သည်။

ဒေသတွင်းသုံးစွဲရန်တည်ဆောက်သည့် လျှပ်စစ်စီမံကိန်းများသည် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းတည်ဆောက်နေခြင်းဖြစ်သည်။

ယင်းလုပ်ငန်းနှစ်ပိုင်းလုံးကို ဘက်စုံစီမံကိန်းရေးဆွဲ၍ ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကား ပြောကြားရာ၌-

"မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသော အစစမပြည့်စုံသေးသည့် အခြေအနေများနှင့် လက်ငင်းရင်ဆိုင်ကြုံတွေ့ရသည့် အခြေအနေများကြားမှ မိမိတို့ကြိုးစား၍ ယခုကဲ့သို့ လျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအပါအဝင် အခြေအနေအရပ်ရပ်ကို တညီတညွတ်တည်း နားလည်သဘောပေါက်ပြီး တာဝန်ခံဌာနများက ဖိဖိစီးစီး ကြိုးကြိုးစားစား အကောင်အထည်ဖော်ရမှာဖြစ်သကဲ့သို့ ပံ့ပိုးအထောက်အကူပြုရမည့် ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ထိထိမိမိ ပံ့ပိုးအထောက်အကူပြုရမှာဖြစ်ကြောင်း၊ သို့မှသာ လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် လေးနှစ်၊ ငါးနှစ်အတွင်း အကောင်အထည်ဖော်ပြီးစီးပြီး ဖွံ့ဖြိုးသွားမှာဖြစ်၍ မိမိတို့ တိုင်းပြည်သည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်တော့မှာဖြစ်ကြောင်း"

လမ်းညွှန်မိန့်ကြားသည်။

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လက်ရှိတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းကြီး ၁၁ ခုရှိပြီး အဆိုပါစီမံကိန်းများအနက် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှာ မကြာမီကာလအတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်မည်ဖြစ်၍ ယင်းစီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၄၇၅ မဂ္ဂါဝပ် ရရှိမည်ဖြစ်သည်။

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းအချို့မှာ ပြီးစီးတော့မည်ဖြစ်၍ ၂၀၀၄ ခုနှစ်ကုန်ခန့်တွင် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အထိုက်အလျောက် အဆင်ပြေသွားမည် ဖြစ်သည်။

မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းရန် လာမည့်လေးနှစ်ကာလအတွင်း အနာဂတ် လျှပ်စစ်စီမံကိန်းကြီး ၁၉ ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ဒေသအတွင်းသုံးစွဲရန် စီမံကိန်းသုံးခုကို အကောင်အထည်ဖော်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား ၃၈ ဒသမ ၅ မဂ္ဂါဝပ်ရရှိမည် ဖြစ်သည်။ ဆက်လက်၍လည်း ဒေသတွင်းသုံးစွဲရန် စီမံကိန်း ၁၃ ခုကို အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ခေတ်မီစက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် တာဝန်ရှိသူအသီးသီးက လျှပ်စစ်စီမံကိန်းကြီးများ အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်သွားကြရန်နှင့် ပြည်သူများအပိုင်းကလည်း ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို အလေအလွင့်မရှိစေဘဲ ခြိုးခြံချွေတာသုံးစွဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သုဒဿနမာလာ ပဋ္ဌာန်းဗိမာန်ကျောင်းတော်နှင့် စက်ရေတွင်းရေကန် ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ကုန်းတော်ကျောင်းပရိယတ္တိစာသင်တိုက် သုဒဿနမာလာ ပဋ္ဌာန်းဗိမာန်ကျောင်းတော်ကြီးနှင့် စက်ရေတွင်းရေကန် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကုလ္လန္ဒကက တရားဒေသနာတော် ချီးမြှင့်ပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်နှင့် အလှူရှင်များက ဆရာတော် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများလှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် သီပေါမြို့ ဘော်ကြိုကျောင်းတိုက်သို့ ရောက်ရှိ၍ စာပေသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သင်ကြားပေးနေသော ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာစကားပြောသင်တန်းများသို့ဝင်ရောက်ကြည့်ရှုအားပေးပြီး သင်တန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ထို့နောက် နောင်ပိန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ စာရိတ္တပညာသင်တန်းနှင့် အမျိုးသား စာပေယဉ်ကျေးမှုသင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် ပြည့်စုံသည် နောင်ချိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သောစက်ချုပ်သင်တန်းသို့ ရောက်ရှိပြီး သင်တန်းသားများအား အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းဆိုင်ရာပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနား ဝန်ကြီး ဦးအောင်သောင်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၈

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် လုပ်ငန်းဆိုင်ရာပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ၁၃၆၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၃ ရက်တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ လပြည့်နေ့ အရုဏ်တွင် ရွှေဘုန်းပွင့်စေတီတော် ဘုရားရပ်ပွားတော်များနှင့် မြို့နယ်အတွင်းမှ လာရောက်ပို့ဆောင်ထားသည့် ဘုရားရပ်ပွားတော်များအား အနေကဇာတင်ပွဲကို ရွှေဘုန်းပွင့်ဓမ္မာရုံသစ်ကြီး၌ ကျင်းပ၍ ဆရာတော် သံဃာတော်များနှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီတော်အရှေ့တောင်ထောင့်ရှိ မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍ ရွှေဘုန်းပွင့်စေတီတော် ကဆုန်ညောင်ရေသွန်းပွဲကို ဖွင့်လှစ်မည်ဖြစ်သည်။

ကဆုန်လပြည့်နေ့ နံနက် ၆ နာရီ မှစ၍ ည ၉ နာရီအထိ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များက အလှည့်ကျစနစ်ဖြင့် ညောင်ရေပန်းအိုးများကို ဘုရားဖူးလာသူများအတွက် အဆင်ပြေစွာ ညောင်ရေသွန်းလောင်းနိုင်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၅၂)

ဧပြီ ၁၉ရက်က အစ်မကြီး ဒေါ်တာ၊ သားကြီး ဒေါက်တာကြည်ဆောင်တို့အား ရည်စူး၍ ခြံအမှတ် ၂၉ ရန်ကုန်-အင်းစိန်လမ်းမကြီး ကမာရွတ်မြို့နယ်နေ ဦးမောင်မောင်-ဒေါ်ခင်ကြည် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း) လက်ခံရယူစဉ်။ (က-ပ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနက ထုတ်ဝေသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ်အတွဲ(၁) အမှတ်(၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါဂျာနယ်တွင် မောင်ဆုရှင်၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်မြတ်သူ၊ သက်သက်သင်း(ပညာရေး)၊ လူကျော်၊ ပညာ(တနင်္သာရီ)၊ အရှင်ပညာဇောတ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ ထိုက်ဇော်အောင် (ဂျီတီစီ၊ ပြည်)၊ မောင်မောင်အုန်း (လယ်ဝေး)၊ မွှေးနံ့သာ(ပြည်တက္ကသိုလ်)၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ နီငြိမ်း(အညာတက္ကသိုလ်)တို့၏ ဖတ်ဖွယ်၊ မှတ်ဖွယ်ဆောင်းပါးများ၊ မြတ်ရည်မွန်၊ ဝတ်ရည်၊ ကိုသက်(ဓနိကုန်း)တို့၏ ကဗျာများ၊ မိုးလေဝသ သတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

မေ ၂၈ရက် ကပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကို ရီးယားသမ္မတ နိုင်ငံ ဘူဆန်မြို့ ဆိုင်ရာ မြန်မာ နိုင်ငံ ဂုဏ်ထူး ဆောင်ကောင်စစ် ဝန်ချုပ် Mr. Won° °°Bae°° Dahn အား ရန်ကုန်မြို့ ကုန်း မြင့်သာရှိ ဖေယျာ သီရိဗိမာန်ခန်းမ ၌ လက်ခံတွေ့ ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြစ်ကြီးနားလေဆိပ်လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ရှိ အရေးကြီး ပုဂ္ဂိုလ်နားနေဆောင်၌ မြစ်ကြီးနားလေဆိပ်၏ လက်ရှိလေယာဉ်ပြေးလမ်းအခြေအနေ၊ ဆက်လက်တိုးချဲ့နိုင်မည့် အခြေအနေနှင့် လေဆိပ်အဆောက်အအုံတိုးချဲ့ တည်ဆောက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်း တိုးချဲ့နိုင်ရေးအတွက်မြေအနေအထားနှင့် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မြစ်ကြီးနားလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးနေမှုနှင့် လေဆိပ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ်လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြစ်ကြီးနား လေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

အထွေထွေဘဏ်လုပ်ငန်းသင်တန်းဖွင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြား

ရန်ကုန် မေ ၂၈

ဘဏ်များကြီးကြပ်ရေး ကော်မတီ၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်)သင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံဘဏ်များအသင်း နာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အမှာစကား ပြောကြားပြီး အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်)အမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်)ကို မေ ၂၆ရက်မှဇွန် ၂၅ရက်အထိ နှစ်လကြာသင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကို ဘဏ်လုပ်ငန်းကဏ္ဍမှသာမက စာရင်းစစ်ချုပ်ရုံး၊ တရားရုံးချုပ်၊ စီးပွားရေးတက္ကသိုလ်နှင့်သမဝါယမဒီဂရီကောလိပ်တို့မှသင်တန်းဆရာများက သင်တန်းပို့ချကြမှာဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ စုစုပေါင်း သင်တန်းသား ၄၉ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ တတိယအကြိမ်စည်းဝေး

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၀၄-၂၀၀၉) လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေး ˚[˚3rd Consultative Meeting of the Working Committee (APAEC) 2004-2009]˚ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်ကဏ္ဍဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ အာဆီယံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် လုပ်ငန်းကော်မတီဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ခြောက်ခုဖြစ်သော ASCOPE, HAPUA, AFOC, EE&C-SSN, NRSE-SSN နှင့်REPP-SSN ကဏ္ဍတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကား

အစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အာဆီယံ စွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (၂၀၀၄-၂၀၀၉) လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး တက်ရောက်အမှာစကားပြောကြားစဉ်။

(စွမ်းအင်)

ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၂၈

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူလျက် ပုဇွန်တောင်မြို့နယ် အမှတ်(၅) ရပ်ကွက်စင်ကာပူကျောင်းတိုက်ကြီး၏ ပရဝဏ်အတွင်း မင်္ဂလာကန်တော်နှင့် ကပ်လျက် ဦးအုန်းမြင့်-ဒေါ်ဌေး (တိုကျိုကြီးမိသားစု)က လှူဒါန်းပူဇော်တည်ထားကိုးကွယ်လျက်ရှိသော ဗောဓိညောင်ပင်ကို ညောင်တန်းအိမ်ရာ မိသားစုများ၏ ဒုတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့ (မေ ၃ရက်) ညနေ ၄ နာရီခွဲမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဖော်လူဂျာတွင် ပြောက်ကျားများနှင့် ကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးထက်မနည်း ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၆

စိတ်မချရသော အပစ်အခတ်ရပ်စဲမှု တစ်ပတ်ကြာရှိပြီဖြစ်သည့် ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေး အီရတ်ပြောက်ကျားများ တနင်္လာနေ့က တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရာ ခုခံတိုက်ခိုက်ရေး အီရတ်ပြောက်ကျားရှစ်ဦးသေဆုံးပြီး အမေရိကန်မရိန်းတပ်ဖွဲ့ဝင် လေးဦးထက်မနည်း ဒဏ်ရာရခဲ့ကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်များက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါတပ်များကို အကြီးကျယ် ခုခံတိုက်ခိုက်နေသော ဖော်လူဂျာမြို့တွင် တနင်္လာနေ့ နံနက် ၁၁ နာရီခွဲ၌ ခုခံတိုက်ခိုက်ရေး အီရတ်ပြောက်ကျား အရေအတွက် အများအပြားသည် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြကြောင်း ဗိုလ်မှူးကြီးဂျွန်ကိုးလ်မင်းက ပြောကြားသည်။ ကနဦးရရှိသည့် သတင်းများအရ အီရတ်ရှစ်ဦး သေဆုံးပြီး မရိန်းလေးဦးဒဏ်ရာရကြောင်း သိရသည်ဟု ကိုးလ်မင်းက ပြောကြားသည်။ မရိန်းတပ်ဖွဲ့ဝင်များကို အဆောက်အအုံတစ်ခုပေါ်မှနေ၍ ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်း၌ ယင်းအဆောက်အအုံကို အမေရိကန်တပ်များက ဖျက်ဆီးလိုက်ကြောင်း သတင်းထောက်တစ်ဦးက ပြောကြားသည်။

တိုက်ပွဲတွင် မရိန်းတပ်ဖွဲ့ဝင်များသည် လက်နက်ငယ်များနှင့် တင့်ကား၊ စက်သေနတ်တို့ကိုအသုံးပြုပြီး အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကိုးလ်မင်းက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဧပြီ ၂၇ ရက်က ဖော်လူဂျာမြို့ပြင်တွင် အီရတ်ယာဉ်မောင်းတစ်ဦးအား ရှာဖွေ စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းစေလိုကြောင်း ထိုင်းနိုင်ငံတစ်ဝန်း လူထုသဘောထားစစ်တမ်း၌ဖော်ပြ

ဗန်ကောက် ဧပြီ ၂၇

အမေရိကန်၏ အပေါင်းပါတပ်များအပေါ်ပြန်ပေးဆွဲမှုများနှင့်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်းထိုင်းဆေးဘက်ဆိုင်ရာနှင့် အင်ဂျင်နီယာ ၄၅၁ ဦး၊ အီရတ်မှရုပ်သိမ်းရေးကို ထိုင်းလူမျိုးအများစုက ထောက်ခံခဲ့ကြောင်း တနင်္လာနေ့ကကောက်ယူသည့် လူထုသဘောထားစစ်တမ်းတွင်ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် သက်ဆင်ရှီနာဝပ်က အကယ်၍ ထိုင်းတပ်ဖွဲ့ဝင်များထိခိုက်မှု တစ်စုံတစ်ရာရှိလျှင် ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီးနောက် တစ်ပတ်မရှိမီ နိုင်ငံနှင့်အဝန်းတွင် ဗန်ကောက်အဆမ်းရှင်း တက္ကသိုလ်က လူထုသဘောထားကောက်ယူကြည့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကောက်ယူ ကြည့်ရာ၌ ၅၇ဒသမ ၂ရာခိုင်နှုန်းက ထိုင်း တပ်ဖွဲ့ဝင်များကို ပြန်လာစေလိုကြ သည်ကို တွေ့ရသည်။ ၂၂ ဒသမ ၃ ရာခိုင်နှုန်းကသာ ပြန်လာဖို့ကို သဘောမတူဘဲ ထိုင်းတပ်ဖွဲ့ဝင်များသည် အီရတ်၌ နေသင့်ကြောင်း ပြောဆိုခဲ့ကြသည်။ထိုင်းတပ်ဖွဲ့ဝင်များ ကနဦး အီရတ်၌ ဖြန့်ချမှုအတည်ပြုချက်တွင်သဘောထားစစ်တမ်းကောက်ခံခြင်းခံရသူ ၂၅၇၁ ဦးအနက် ၃၆ ဒသမ ၇ ရာခိုင်နှုန်းက လူသားအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကိုသဘောတူကြောင်းပြခဲ့ကြပြီး ၃၈ဒသမ၂ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့၌ ကျယ်လောင်သော ပေါက်ကွဲမှုများ ဖြစ်ပွား

နာဂျက်ဖ် ဧပြီ ၂၇

အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုတာဒါအယ်လ်ဆာဒါအား အမေရိကန်ပြည်ထောင်စုက ရာဇသံပေးပြီးနောက် နာရီပိုင်းအကြာတွင် နာဂျက်ဖ်မြို့ ဆင်ခြေဖုံး၌ ကျယ်လောင်သောပေါက်ကွဲမှုများ တနင်္လာနေ့ညက ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါပေါက်ကွဲမှုများသည် အီရတ်၏လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နာဂျက်ဖ်မြို့သည် အီရတ်ခေါင်းဆောင် မိုကေဒါအယ်လ်ဆာဒါက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရာနေရာဖြစ်ပြီး ၎င်းနေထိုင်ပုန်းအောင်းရာ မြို့လည်း ဖြစ်သည်။

ရာဇသံပေး

ဘဂ္ဂဒက်ရှိ အမေရိကန်တို့၏ အီရတ်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက နာဂျက်ဖ်မြို့သည် ပေါက်ကွဲတော့မည်ဖြစ်ကြောင်း၊ မကြာမီရက်များက အမေရိကန်တို့က အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဖျက်သိမ်းရန်နှင့် လက်နက်များအပ်နှံရန် ရာဇသံပေးထားကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၂၇ရက်က ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ် မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို အီရတ်တို့ကြည့်ရှု နေစဉ်။ (ဓာတ်ပုံ-

ကန်နှင့်အပေါင်းပါတပ်များအား ပြောက်ကျားတို့ ပိုမိုတိုက်ခိုက်လာ အီရတ်၌ လုံခြုံမှုမရှိသည့်အနေအထားဖော်ပြနေ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ၌ ကျူးကျော်အမေရိကန်တပ်ဖွဲ့များအား အီရတ်ပြောက်ကျားများက ခုခံတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ ပိုမိုပြင်းထန်လာလျက်ရှိသည်။

လတ်တလော ကာလအတွင်း အီရတ်ပြောက်ကျားများက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့်အရပ်သားများအပေါ်တိုက်ခိုက်မှု ပိုမိုအရှိန်အဟုန်မြင့်လာခြင်းသည် မလုံခြုံမှု အနေအထားကို ပိုမိုဖော်ပြသကဲ့သို့ ရှိသည်။

မဖြေရှင်းနိုင်

တနင်္ဂနွေနေ့၌ ပင်လယ်ကွေ့ အတွင်းရှိ အီရတ်နိုင်ငံ၏ အဓိကရေနံတင်ပို့ရာ ဆိပ်ကမ်းအားပစ်မှတ်ထား တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး ဖော်လူဂျာမြို့သည်အနည်းငယ်ငြိမ်သက်သယောင်ရှိသော်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ပိုမိုအားဖြည့်ရန်ဆောင်ရွက်မှုများသည် အကောင်အထည်မပေါ်သေးဘဲရှိသည်။ အမေရိကန်တို့က ဖော်လူဂျာဒေသ ပြန်လည် တည်ဆောက်ရေးအတွက် ရန်ပုံငွေ သန်းပေါင်းများစွာ ထောက်ပံ့ပေးမည်ဟု မက်လုံးပေးလျက်ရှိသော်လည်း ဖော်လူဂျာရှိပြောက်ကျားများ လက်နက်ချအပ်နှံရေးပြဿနာကို ပြေလည်အောင် မဖြေရှင်းနိုင်သေးကြောင်း သိရသည်။

(စီအင်န်အင်န်)

ကန်၏နိုင်ငံခြားရေးမူဝါဒ အထက်စီးဆန်လွန်းဟု ဂျာမနီသမ္မတလောင်း ကိုအီလာဝေဖန်

ဘာလင် ဧပြီ ၂၇

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒသည်အထက်စီးဆန်လွန်းကြောင်းနှင့် အီရတ်တွင် အောင်မြင်မှုမရှိသော နည်းဗျူဟာကို ကျင့်သုံးရန် ရှာကြံနေကြောင်း မေလထဲ၌ ဂျာမနီနိုင်ငံ၌ နောက်တက်မည့် သမ္မတဖြစ်လာစရာရှိသော သမ္မတလောင်း ဟော့စ်ကိုအီလာက စွပ်စွဲပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံအနောက်ပိုင်းရှိ ဂျူဆဲလ်ဒေါ့ဖ်မြို့တွင် ဒေသဆိုင်ရာဥပဒေပြုအမတ်များနှင့် ပြုလုပ်သော အစည်းအဝေး၌ ဝါရှင်တန်သည် စစ်ပြီးအီရတ်နိုင်ငံအတွက် မတိုးတက်သော နည်းဗျူဟာတစ်ရပ်ဖြင့် ကြီးလေးသော အမှားများကို ကျူးလွန်ခဲ့ကြောင်းကို အီလာက ပြောကြားခဲ့သည်။

ကိုအီလာသည် သမ္မတရာထူးအတွက် နေရပ်ပြန်ရန် နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲအဖြစ်မှ မတ်လထဲ၌ နုတ်ထွက်ခဲ့သည်။ မေ ၂၃ ရက်၌ကျင်းပမည့် သမ္မတရွေးပွဲ၌အောင်နိုင်ရန် သေချာသလောက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အာဖဂန်၌ ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ကဘူး ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ဘက် ကန်ဒါဟာပြည်နယ်တွင် ချုံခိုတိုက်ခိုက်မှုတစ်ရပ်ကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ကန်ဒါဟာမြို့တွင် ပြီးခဲ့သည့်စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်တို့၏ စစ်ယာဉ်တန်းတစ်ခု ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း သို့ရာတွင် ဗုံးခွဲတိုက်ခိုက်မှု သို့မဟုတ် ပြောက်ကျားတို့၏တိုက်ခိုက်မှုဆိုသည်ကို အသေးစိတ်မသိရကြောင်း မကြာမီသီတင်းပတ်များက အဆိုပါပြည်နယ်တွင် တိုက်ခိုက်မှုများဖြစ်ပွားလာခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ၌ စစ်ရေးအရ မတိုးသာ၊ မဆုတ်သာဖြစ်နေမှု နိုင်ငံရေးအရဖြေရှင်းရန် ကန်တို့အား ကိုဖီအာနန်တိုက်တွန်း

ကုလသမဂ္ဂ ဧပြီ ၂၇

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ စစ်ရေးအရ မတိုးသာ၊ မဆုတ်သာဖြစ်နေမှုအခြေအနေကို အမေရိကန်ဦးဆောင်တပ်များက နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့က တိုက်တွန်းပြောကြားလိုက်သည်။

အမေရိကန်ဦးဆောင်တပ်များအနေဖြင့် ဖော်လူဂျာမြို့၏ အခြေအနေကို ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းသင့်သည်ဟု မိမိထင်မြင်ကြောင်း အာနန်က ကုလသမဂ္ဂဌာနချုပ်၌ သတင်းထောက်များအား ပြောကြားသည်။

ကာကွယ်လို

မည်သည့်အချိန်မဆို တစ်စုံတစ်ယောက်သည် တည်ဆောက်ရေးနေရာများကို တိုက်ခိုက်လာနိုင်ကြောင်း၊ အလွန်ခဲရာခဲဆစ်နိုင်ပြီး ပရိယာယ်များက အန္တရာယ်များသည့်အခြေအနေဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အရပ်သားများ၏ အသက်အန္တရာယ်ကို ကာကွယ်လို၍ဖြစ်ကြောင်း အာနန်က ပြောကြားသည်။ အမေရိကန်ဦးဆောင်တပ်များသည် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းဖြင့် အောင်မြင်မှုရလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ၎င်းတို့သည် အပစ်အခတ်ရပ်စဲမှုဖြင့် အောင်မြင်မှုများရရှိထားသည်ဟု မိမိသိထားကြောင်း၊ သို့ရာတွင် ဖော်လူဂျာမြို့တွင်းသို့ အမေရိကန်ဦးဆောင်တပ်များက ဝင်ရောက်တိုက်ခိုက်ခြင်းမရှိဘဲ နည်းလမ်းတစ်ရပ် အမေရိကန်တပ်များ ရှာတွေ့လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သေဆုံး

အမေရိကန်ဦးဆောင်တပ်များသည် ဧပြီ ၅ ရက်က ဖော်လူဂျာမြို့ကို အမေရိကန် ကန်ထရိုက်လေးဦး သေဆုံးပြီးနောက် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ထိုထိုးစစ်ကြောင့် အီရတ်အရပ်သား ၈၀၀ သေဆုံးပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ အုပ်ချုပ်ရေးလွှဲပေးမည့် ကန်၏ အစီအစဉ် ကုလ၏အဓိကအဖွဲ့ဝင်နိုင်ငံများ လက်ခံနိုင်ဖွယ်မရှိ

ဝါရှင်တန် ဧပြီ ၂၇

အီရတ်ကို အုပ်ချုပ်ရေးလွှဲပြောင်းမည့်အစီအစဉ်အား ထောက်ခံပေးမည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သစ်နှင့်ဆိုင်သော အဆိုပြုချက်များနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရသည် အခက်ကြုံရဖွယ်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက တနင်္လာနေ့၌ ဖော်ပြလိုက်သည်။

ဇွန် ၃၀ ရက်၌ အီရတ်ယာယီအစိုးရအဖွဲ့အား အုပ်ချုပ်ရေးလွှဲပြောင်းပေးမည့်အစီအစဉ်သည် ရန်ပွားဖွယ် အခြေအတင်ဆွေးနွေးမှုဖြစ်လာနိုင်စရာရှိကြောင်းလည်း အမေရိကန်နှင့် ကုလသမဂ္ဂအရာရှိများကိုညွှန်းလျက် သတင်းစာက ရေးသားသည်။

အုပ်ချုပ်ရေး လွှဲပြောင်းပေးပြီးနောက် အီရတ်နိုင်ငံအား ဆုပ်ကိုင်ထားမှုကို အမေရိကန်ပြည်ထောင်စုက အမှန်တကယ်လွှတ်ပေးမည်ဆိုသည်ကို ကုလသမဂ္ဂ အဓိကအဖွဲ့ဝင်နိုင်ငံများက သဘောကျလက်ခံနိုင်ဖွယ် မရှိမြဖြစ်သည်။

စဉ်းစားဆဲ

ဆုံးဖြတ်ချက်အတွက် တင်ပြထားသော အဆိုပြုချက်များကို ဘုရှ်အစိုးရက စဉ်းစားနေဆဲဖြစ်ပြီး ယင်းအဆိုပြုချက်များက အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက်ပိုင်း၌ အီရတ်ရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်များကို တရားဝင် အကာအကွယ်ပေးမှုကို အာမခံမည်ဖြစ်သည့်ပြင် စွပ်စွဲထားသော အီရတ်၏ အဖျက်စွမ်းအားကြီးလက်နက်အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်ကို နောက်ဆုံးပြောရန် အခွင့်အရေးပေးမည်ဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ပြင်ဆင်ထား

ထို့ပြင် သတင်းစာက အမေရိကန်အစိုးရသည် ဇွန်လကုန်၌ အီရတ်တို့အား ကန့်သတ်မှုရှိသော အချုပ်အခြာအာဏာကိုသာ လွှဲပြောင်းပေးဖို့ ပြင်ဆင်ထားပုံရကြောင်း ရေးသားသည်။ အဆိုပြုထားသောဆုံးဖြတ်ချက်သစ်၏ ယေဘုယျရည်မှန်းချက်မှာ အမေရိကန်နှင့် ကုလသမဂ္ဂအရာရှိများ ဆွေးနွေးညှိနှိုင်းဆဲဖြစ်သော ယာယီအစိုးရအဖွဲ့ကို ဖွဲ့ပြီးသည့်နောက်ပိုင်း၌ နိုင်ငံတကာဆိုင်ရာ၏ ထောက်ခံမှုရရန် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘူဂေးရီးယားတပ်ဖွဲ့ဝင်ရှစ်ဦး အီရတ်မှ နေရပ်သို့ပြန်

ဆိုဖီယာ ဧပြီ ၂၇

အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်များထံ တနင်္ဂနွေနေ့က ရောက်ရှိလာသော ဘူဂေးရီးယားသမ္မတ ဂျော့ဂျီးပါဗနော့ဗ်၏ လေယာဉ်ဖြင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်ရှစ်ဦးသည် အီရတ်နိုင်ငံမှ အမိနိုင်ငံသို့ တနင်္လာနေ့က ပြန်လည်လိုက်ပါလာခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

၎င်းတို့ထဲမှခုနစ်ဦးသည် စစ်ပွဲအတွင်း စိုးရိမ်သောက စိတ်ဖိစီးမှုများ ခံစားနေရကြောင်း၊ စိတ်ပညာရှင်များ၏ ထောက်ခံချက်ဖြင့် နေရပ်သို့ပြန်ခဲ့ကြကြောင်း တစ်ဦးသည် ကျန်းမာရေးမကောင်းကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြန်မည်

အီရတ်နိုင်ငံရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၄၈၀ ထဲမှ တပ်ဖွဲ့ဝင် ၂၃ ဦးသည် ၁၀ ရက်အတွင်း အီရတ်နိုင်ငံမှ ပြန်ကြမည်ဖြစ်ပြီး ၎င်းတို့အထဲမှ တပ်ဖွဲ့ဝင် ၁၃ ဦးမှာ ၎င်းတို့၏ တောင်းဆိုချက်ဖြင့် ပြန်ခွင့်ပြုခြင်းဖြစ်သည်ဟု ဘူဂေးရီးယားဗိုလ်ချုပ်ကြီးက ကြာသပတေးနေ့က ထုတ်ဖော် ပြောကြားခဲ့သည်။

တွေ့ဆုံ

ကာဘာလာမြို့တွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရပြီးနောက် သမ္မတ ပါဗာနော့ဗ်သည် အီရတ်ရှိ ၎င်း၏တပ်ဖွဲ့ဝင်များထံ နှစ်ရပ်ကြာ လာရောက်တွေ့ဆုံခဲ့သည်။

စောင့်ကြပ်ရန်

ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်သည် ကာဘာလာမြို့လယ်၌ ကင်းလှည့်ရန်နှင့် မြို့တော်ခန်းမနှင့် ရဲဌာနချုပ်ကို လုံခြုံရေးစောင့်ကြပ်ရန် ဖြစ်သည်။

ကာဘာလာမြို့တွင် မကြာသေးခင်က ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိသွားခဲ့သည်။ ပြီးခဲ့သောနှစ် ဒီဇင်ဘာ ၂၇ ရက်၌ ကားဗုံးခွဲတိုက်ခိုက်ခံရသောကြောင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ပြီး ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဧပြီ ၂၇ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက သံသယရှိသော အီရတ်အချို့ကို ဖမ်းဆီးထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုကိုတုံ့ပြန်ရန် သုံးစွဲခဲ့သည့်ငွေကြေးကိစ္စ ဘုရှ်အစိုးရဖြေရှင်းပေးရန် ကန်အမတ်များ တောင်းဆို

ဝါရှင်တန် ဧပြီ ၂၇

စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများကို တုံ့ပြန်ရန်ရည်ရွယ်သည့် အရေးပေါ်သုံးစွဲရန်ငွေများကို ဘုရှ်အစိုးရက မည်သို့အသုံးပြုခဲ့သည်ဆိုခြင်းကို အပြည့်အဝဖော်ပြရန် ကွန်ဂရက်လွှတ်တော်ဆိုင်ရာ ဒီမိုကရက်အမတ်နှစ်ယောက်က တနင်္လာနေ့တွင် တောင်းဆိုလိုက်သည်။

အဆိုပါငွေကြေးများ၏အချို့ကို အီရတ်စစ်ပွဲအတွက် ပြင်ဆင်ရန် ပြောင်းလဲသုံးစွဲခဲ့သည်ဆိုသော စွပ်စွဲချက်များကို သတင်းစာဆရာနှင့် စာရေးဆရာ ဘော့ဗ်ဝုဒ်ဝါဒ် ရေးသားသည့် စာအုပ်၌ ရေးသားဖော်ပြခဲ့သည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဆိုင်ရာ ဒီမိုကရက်တစ်အမတ်များဖြစ်ကြသော ရောဘတ်ဘာ့ဒ်နှင့် ဒေးဗစ်အိုဘေးတို့က အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ထံ ပေးသောစာတွင် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများနောက်ပိုင်း ကွန်ဂရက်က အတည်ပြုခဲ့သော အရေးပေါ်သုံးစွဲငွေ ဒေါ်လာ ၄၀ ဘီလီယံကို အစိုးရအဖွဲ့၏ ထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ မိမိပူပန်ကြောင်း ရေးသားဖော်ပြထားသည်ဟု ပြောဆိုကြသည်။

အမ်အင်အေ၊ရိုက်တာ

ကီလိုမီတာတစ်သိန်းလေးသောင်းရှည်ပြီး ၃၂ နိုင်ငံဆက်သွယ်မည့် အာရှတစ်ဝန်း အဝေးပြေးလမ်းမကြီးကွန်ရက်စီမံကိန်း လက်မှတ်ရေးထိုး

တိုကျို ဧပြီ ၂၇

ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံပါဝင်သော အာရှတစ်ဝန်း အဝေးပြေးလမ်းမကြီးများကွန်ရက် တည်ဆောက်ရေးစီမံကိန်း လက်မှတ်ရေးထိုးပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တနင်္လာနေ့က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ အဝေးပြေးလမ်းမကြီးသည် ကီလိုမီတာ တစ်သိန်းလေးသောင်းကျော်ရှည်လျားပြီး နိုင်ငံပေါင်း ၃၂ နိုင်ငံနှင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

၎င်းအဝေးပြေးလမ်းမကြီးတည်ဆောက်မှုသည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးမှု၏ အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်လာနိုင်ကြောင်းလည်း သိရသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာဆာတိုရှီအာဗေးလည်း တက်ရောက်ခဲ့သည်။

အဆိုပါစီမံကိန်း၏ အဓိကအချက်မှာ ဂျပန်နိုင်ငံသို့ အခြားနိုင်ငံများက ဆက်သွယ်ရာတွင် ရေလမ်းဖြင့်သာ ဆက်သွယ်ရမည်ဖြစ်ပြီး တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကိုဖြတ်ကျော်ပြီး တူရကီနိုင်ငံသို့ သွားရောက်နိုင်မည် ဖြစ်သည်။ အာရှတစ်ဝန်း အဝေးပြေးလမ်းမကြီးများဆက်သွယ်ရေး၏ တစ်စိတ်တစ်ဒေသဖြစ်သော ဂျပန်နိုင်ငံအတွင်းရှိ တိုကျိုနှင့် ဖူကူအိုကာမြို့တို့ကို ဆက်သွယ်ပေးသော အစိတ်အပိုင်းကိုလည်း ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိပ်ချ်ကေ)**

ဧပြီ ၂၆ ရက်က မြို့တော်ဘဂ္ဂဒက်၌ ဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အဆောက်အအုံတစ်ခုနှင့် အမေရိကန်စစ်ယာဉ်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၌ တပ်စွဲထားသော စပိန်တပ်ဖွဲ့ဝင်များ၏ စစ်ယာဉ် ၃၃စီး နာဂျက်ဖ်မြို့နှင့် ဒိုင်ဝါနီယာ စစ်အခြေစိုက်စခန်းများမှ ရုပ်သိမ်းထွက်ခွာလာသည်ကို ကူဝိတ်နယ်စပ်၌ ဧပြီ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စုပေါင်း နေထိုင်

စစ်ပွဲအတွင်းက ကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်များ ပျက်စီး၍ ဘဂ္ဂဒက်မြို့ရှိ အဆောက်အအုံ ပျက်တစ်ခု၌ ဝင်ရောက်စုပေါင်း နေထိုင်ကြသည့် အီရတ်ဒုက္ခသည် မိသားစုများကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

ဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိသူ အီရတ်တစ်ဦးအား ဘဂ္ဂဒက်တောင်ဘက် အစ္စကန္ဒာရီယာမြို့ရှိ ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို ဧပြီ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၆ရက်က ဖော်လူဂျာမြို့၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်တိုက်တာများ မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ ရက်က ဘဂ္ဂဒက်အကျဉ်းစခန်းကို စိန်ပြောင်းဖြင့်ပစ်ခတ်ခံရသဖြင့် အကျဉ်းသား၂၁ဦး သေဆုံးပြီး ၁၀၀ခန့်ဒဏ်ရာရရှိခဲ့သည်။ (အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးချုပ်နှောင်ခံရသော အီရတ်တစ်ဦးအား တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ပဲခူးတိုင်း ကဝမြို့နယ် ဆည်မချောင်းနှင့် ပဲခူးမြစ်ဆုံရာ ရွှေလှေကျေးရွာအနီးရှိ ၆ ပေ X၁၆ ပေ အကျယ်ရှိကွန်ကရစ် ရွှေလှေရေထိန်းတံခါး ရေယာဉ်အဝင်အထွက်တံခါးကို တွေ့ရစဉ်။ (ရွှေလှေ ရေထိန်းတံခါးသည် လယ်မြေဧက ၃၅၀၀၀ကို အကျိုးပြုမည့် ရေထိန်းတံခါးဖြစ်သည်။)

မမြရေလှောင်တမံ ရေပိုလွှဲ

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မမြရေလှောင်တမံ စီမံကိန်း ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းခွင်ကိုတွေ့ရစဉ်။ (မမြရေလှောင်တမံသည် ဧကပေ ၇၀၀၀၀ သိုလှောင်နိုင်သော တမံဖြစ်သည်။)

ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)



ဖြူးရေလှောင်တမံ

ဖြူးရေလှောင်တမံ ရေလွှဲဥမင်လိုဏ် အဝင်ဘက် ဖောက်လုပ်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။

(ဖြူးရေလှောင်တမံ စီမံကိန်းသည် လယ်မြေဧက ၁၂၀၀၀၀ကို ရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၃၂ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။)



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစ်ကြီးနား– နမ္မတီး– တနိုင်းလမ်းပေါ်ရှိနန့်ရင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော လွယ်လိယံတံတားကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ တည်ဆောက်ရေး စီမံကိန်း ပြီးစီးမှုကို တွေ့ရစဉ်။

ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ

❏ ရှေ့ဖုံးမှ

၂။ ဤဥပဒေသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ကွန်ဗင်းရှင်းများ သို့မဟုတ် ဒေသဆိုင်ရာ သဘောတူ စာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားသည့်နိုင်ငံနှင့်ဖြစ်စေ၊ အဆိုပါ ကွန်ဗင်းရှင်းဝင်နိုင်ငံ ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံသဘောတူစာချုပ် ဝင်နိုင်ငံ မဟုတ်သောနိုင်ငံ၊ အပြန်အလှန် အကူအညီပေးရန် ညှိနှိုင်း ချက်ဖြင့်သဘောတူညီထားသည့်နိုင်ငံဖြစ်စေ ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ ဖော်ထုတ် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေး ဆိုင်ရာ ဆောင်ရွက်ခြင်း တစ်ရပ်ရပ်ကို အကူအညီ ပေးခြင်းနှင့် ခံယူခြင်းငှာ ဖြစ်စေ ရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) ပြစ်မှု ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ၁ နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် အကူအညီ တောင်းခံသည့် ပြည်ပနိုင်ငံ တစ်ခုခု၏ ဥပဒေအရ ထောင်ဒဏ် ၁ နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုများလည်း ပါဝင်သည်။

(ခ) အကူအညီ ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ ပြစ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(ဂ) **စုံစမ်းဖော်ထုတ်ခြင်း** ဆိုရာတွင် ရဲတပ်ဖွဲ့ကဖြစ်စေ၊ ဗဟိုအာဏာပိုင်အဖွဲ့ သို့မဟုတ် တရားသူကြီး၏ အခွင့်အာဏာ အပ်နှင်းခြင်း ခံရသူကဖြစ်စေ ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ ပါဝင်သည်။

(ဃ) **တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း** ဆိုရာတွင် တရားသူကြီးက ပြစ်မှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ချက်အားလုံး ပါဝင်သည်။

(င) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိနေသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို သော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(စ) **စာတမ်း အမှတ်အသား** ဆိုသည်မှာ သတင်းအချက်အလက်၊ မှတ်တမ်းအပါအဝင် မည်သည့် အရာပေါ်တွင်မဆို ရေးသားထားချက်၊ အမှတ်အသား၊ ကားချပ်၊ အကွက်၊ သင်္ကေတကို သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် အဓိပ္ပာယ် ဖော်ဆိုနိုင်သည့် အမှတ်အသား၊ သင်္ကေတကို သော်လည်းကောင်း၊ အသံ၊ ရုပ်ပုံ သို့မဟုတ် စာဖြင့် အလိုအလျောက် အဓိပ္ပာယ်ဖော်ထုတ် ပေးနိုင်သော အရာကို သော်လည်းကောင်း၊ မြေပုံ၊ ပုံစံ၊ ရုပ်ပုံ ကားချပ်နှင့် အလားတူ အရာဝတ္ထုကို သော်လည်းကောင်း ဆိုသည်။

(ဆ) **မှတ်တမ်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်တိုင်ဖြစ်စေ၊ လွှဲအပ်ထားသူကဖြစ်စေ၊ အခြားပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ဖြစ်စေ ဖတ်ရှုနိုင်သည့် သို့မဟုတ် သိရှိနားလည်နိုင်သည့် မည်သည့် အရာအပေါ်တွင်မဆို မှတ်တမ်းတင်ထားသည့် သို့မဟုတ် မှတ်သားထားသည့်အချက်ကို ဆိုသည်။

(ဇ) **ထားမြဲမိန့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးထံတွင်ရှိသော ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ထားမြဲရန် ရည်ရွယ်၍ ထုတ်ဆင့်သည့် အမိန့်ကို ဆိုသည်။

(ဈ) **ဗဟိုအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူ စာချုပ်များနှင့် နိုင်ငံအချင်းချင်း ချုပ်ဆိုသည့် သဘောတူ စာချုပ်များနှင့်အညီ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အကူအညီပေးနိုင်ရန်၊

(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဂ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီ ပေးနိုင်ရေးအတွက် သင့်လျော်သည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်နိုင်ရန်၊

(ဃ) အကြမ်းဖက်မှု ကျူးလွန်သည့်ပြစ်မှု၊ ယင်းပြစ်မှုကို ကျူးလွန်ရန် ငွေကြေး ထောက်ပံ့သည့်ပြစ်မှု၊ နိုင်ငံဖြတ်ကျော်၍ ကျူးလွန်သည့်ပြစ်မှုနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေ ကြေး နှင့် ပစ္စည်းများကို တရားဝင်အသွင်သို့ ပြောင်းလဲစေရန် ပြုလုပ်သည့်ပြစ်မှုများအပါအဝင် အခြားအရေးကြီးသော ပြစ်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန်။

အခန်း (၃)

ဗဟိုအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် —

(က)	ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	—	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	—	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	—	အဖွဲ့ဝင်
(ဃ)	ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	—	အဖွဲ့ဝင်
(င)	ဒုတိယဝန်ကြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	—	အဖွဲ့ဝင်
(စ)	ဒုတိယရှေ့နေချုပ်ကြီး (ရှေ့နေချုပ်)	—	အဖွဲ့ဝင်
(ဆ)	ဒုတိယရှေ့နေချုပ်	—	အဖွဲ့ဝင်
(ဇ)	ထောက်လှမ်းရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်တစ်ဦး	—	အဖွဲ့ဝင်
(ဈ)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	—	အဖွဲ့ဝင်
(ည)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	—	အတွင်းရေးမှူး
(ဋ)	ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့		တွဲဖက်အတွင်းရေးမှူး

၆။ ဗဟိုအာဏာပိုင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည် —

(က) အကူအညီ တောင်းခံသည့် ကိစ္စကို စိစစ်ပြီး အကူအညီ ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး၊ သဘောတူစာချုပ်များ ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေးခြင်းအပြင် လိုအပ်သော ငွေကြေး ထောက်ပံ့ပေးရေး အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) အကူအညီတောင်းခံသည့်ကိစ္စနှင့် အခြားနိုင်ငံတစ်ခုခု နှင့်လည်း သက်ဆိုင်နေပါက လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အကူအညီတောင်းခံသည့်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ ထံမှ အချက်အလက်များ ရယူခြင်းနှင့် အချက်အလက်များ ဖြည့်စွက်ခြင်း၊

(စ) အကူအညီတောင်းခံသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့အစည်းဆိုင်ရာ အဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့များသို့ ညွှန်ကြားခြင်း၊ ဆက်သွယ်ဆောင်ရွက်ပေးရန် အကူအညီ တောင်းခံသည့် နိုင်ငံသို့ ပြန်ကြားခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီ တောင်းခံခြင်း နှင့် အကူအညီ ရယူခြင်း။

၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပုဒ်မ ၆ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိ အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကို ဦးဆောင်စေ၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အဖွဲ့ခွဲတစ်ခုခုဖြစ်စေ ဖွဲ့စည်း တာဝန် ပေးနိုင်သည်။

၈။ ဗဟိုအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ ၏ တာဝန် ပေးအပ်ချက်အရ အတွင်းရေးမှူးသည် လက်ခံရရှိသည့် အကူအညီတောင်းခံချက်နှင့် လုပ်ပိုင်ခွင့် များအရ ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဗဟိုအာဏာပိုင် အဖွဲ့၏ ကိုယ်စား ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ချက်ကို ဗဟို အာဏာပိုင်အဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၉။ အစိုးရအဖွဲ့သည် အကူအညီတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဗဟို အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက် တစ်ရပ်ရပ်ကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ချခြင်း ပြုနိုင်သည်။

အခန်း (၄)

အကူအညီတောင်းခံခြင်းနှင့် ငြင်းပယ်ခြင်း

၁၀။ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အကူအညီကို တောင်းခံသော ပြည်ပနိုင်ငံသည် —

(က) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူ စာချုပ် ချုပ်ဆိုထားသည့် နိုင်ငံဖြစ်ပါက ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက်တောင်းခံနိုင်သည်။

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း မရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ၊ ဒေသဆိုင်ရာ သဘောတူ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုထားခြင်း မရှိသည့် နိုင်ငံဖြစ်ပါက သံတမန် လမ်းကြောင်းမှတစ်ဆင့် ဗဟို အာဏာပိုင်အဖွဲ့သို့ တောင်းခံရမည်။

၁၁။ ပြည်ပနိုင်ငံတစ်ခုခုသည် ပြစ်မှုဆိုင်ရာကိစ္စရပ်တွင် စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း တို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀ အရ အကူအညီ တောင်းခံရာတွင် အောက်ပါကိစ္စရပ်များကို ထည့်သွင်းတောင်းခံနိုင်သည် —

(က) ပုဂ္ဂိုလ်တစ်ဦးဦး၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ကို ရယူပေးခြင်း၊

(ခ) တရားစီရင်ရေးဆိုင်ရာ စာ တမ်း အ မှတ် အ သားများ၊ အကျိုးသက်ရောက်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) ပစ္စည်းနှင့် နေရာများကို စစ်ဆေးပေးခြင်း၊

(ဃ) သက်သေခံအဖြစ် အသုံးပြုရန် ရှာဖွေခြင်း သို့မဟုတ် ပစ္စည်းတစ်ခုခုကို ပြစ်မှုနှင့် သက်ဆိုင်ကြောင်း ထင်ရှား စေရန် ဆောင်ရွက်ပေးခြင်း၊ ရှာဖွေ၍ စုံစမ်းပေးခြင်း၊

(င) သက်သေခံပစ္စည်းများ ရှာဖွေပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ ထိန်းချုပ်ပေးခြင်း၊ ထားမြဲမိန့် ထုတ်ဆင့်ပေးခြင်းနှင့် ပြည်ပသို့ ဘဏ္ဍာအဖြစ် သိမ်းဆည်းပေးခြင်း၊

(စ) သတင်းအချက်အလက်၊ သက်သေခံအဖြစ် အသုံးပြုမည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် ကွန်ပျူတာ ထုတ်ပြန်ချက်များ ရယူဆောင်ရွက်ပေးခြင်း၊

(ဆ) သက်သေခံအဖြစ် အသုံးပြုမည့်စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ၏ မူရင်း သို့မဟုတ် မိတ္တူမှန်ကြောင်း သက်သေခံသည့် မိတ္တူမှန်ရိုက်ရန် ဆောင်ရွက်ပေးခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သူ၏ နေရပ်လိပ်စာ၊ သက်သေခံပစ္စည်း၏ တည်ရှိရာနေရာနှင့် အခြား လိုအပ်သော အချက်များ ဖော်ထုတ်ပေးခြင်း၊

(ဈ) ဗဟိုအာဏာပိုင်အဖွဲ့က အကူအညီပေးရန် သဘောတူသည့် အခြားကိစ္စရပ်များ။

[illegible]

အခန်း (၅)

[illegible]

အခန်း (၆)

[illegible]

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တပ်မတော်(လေ) ရဲညွှန့်လောင်းသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်းသင်တန်း (နမ့်စန်စခန်း) အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲကို ဧပြီ၂၆ရက် နံနက်၉နာရီတွင် နမ့်စန်တပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာ ဖွင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အရေးပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	ဖြူးချောင်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၂၀	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၅	၇။	တေးဂီတအစီအစဉ်
၁၇း၅၅	၈။	နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၀	၉။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၁၇)
၁၉း၃၀	၁၃။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၄။	အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြစ်အသိပေး
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"အသည်းစားကြွေရုပ်"** (အပိုင်း-၁) (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဟိန်းစိုး)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၂၈

ဧရာဝတီတိုင်း ဖျာပုံမြို့ ၁၈ရပ်ကွက် ကျိုက္ကမွန်ဘုရားဝိုင်းအတွင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲ အမှတ် (၃၁၈) မှ ဦးစီးပဓာန နာယကဆရာတော် ရွှေမန်း ဦးသူရိယ ဓမ္မာစရိယ (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်သူမြတ်က မေ ၁၄ရက်မှ ၂၀ရက်အထိ သစ္စာလေးပါး တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးပွံ့ပြိုး ပြည့်အကျိုး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ညီလာခံကို ဂုဏ်ပြုပါသည်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံကြီးသည် စည်ကားသိုက်မြိုက်စွာ၊ မင်္ဂလာကျက်သရေ အပေါင်းနှင့်ပြည့်စုံစွာ ကျင်းပနိုင်ခဲ့သည်။

ပိတောက်ရွှေဝါရောင်ဆင်တူအဝတ်အစားများနှင့် မိခင်ကလေးအသင်းသူများသည် ရွှေနိုင်ငံတော်ကို ရွှေရောင်ဝင်းခြယ်လျက် ရှိသည်။ ပြုံးရွှင်နေသော မျက်နှာကလေးများသည် ပိတောက်ပွင့်များကဲ့သို့ လှပနေ၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၄)ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သော အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် **"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှုရေးဘဝ ဘက်စုံတိုးတက်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံစွမ်းဆောင်နေသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီး အရှိန်အဟုန်မပျက် ထက်ထက် မြက်မြက် လှုပ်ရှားဆောင်ရွက်နိုင်အောင် တစ်ဖက်ကလည်း အားပေးထောက်ကူပေးလျက်ရှိနေကြောင်း"**ကို မြွက်ကြားသည်။

"နိုင်ငံတော်၏ လူဦးရေအများဆုံးဖြစ်သည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက် မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာမှ အရေးပါလှသည့်အပြင် အခြေခံအကျဆုံးလည်းဖြစ်သည့် လူမှုရေးပြုစုပျိုးထောင်မှုတစ်ရပ် ဖြစ်ကြောင်း။

"မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအမျိုးအနွယ်တွေအတွက် ခိုင်မာပြည့်စုံသော အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်းလည်း ဖြစ်ကြောင်း၊ အမျိုးသားရေး အဓိပ္ပာယ်၊ အမျိုးသားရေး အနှစ်သာရတို့နှင့် ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

"ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် လူမှုဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို မေတ္တာ၊ ကရုဏာ၊ စေတနာတို့ ပေါင်းစပ်ပါဝင်ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက စည်းရုံးဦးဆောင်လျက်ရှိသည့် အချိန်အခါဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဆင့်ဆင့်က အသင်းဝင်များအားလုံးကလည်း အမျိုးသမီးကဏ္ဍ၏ ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်သွားကြရမည်ဟု ယုံကြည်ထားပြီးဖြစ်ပါကြောင်း" ဟု အမှာစကား မိန့်ကြားသွားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ များစွာကျယ်ပြန့် ဖြန့်ကြက်လျက်ရှိသည်။

- **ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာများ ပံ့ပိုးမှုရယူ၍ ပူးပေါင်းဆောင်ရွက်နေခြင်း၊**
- **သားဖွားခန်းဖွင့်လှစ်၍ ကိုယ်ဝန်ဆောင်များကို စောင့်ရှောက်မှုပေးခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊**
- **ကလေးအာဟာရ ပြုစုဆောင်ရွက်ခြင်း၊**
- **အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကလေးသူငယ်များ ဉာဏ်ရည်မမီဖြစ်ခြင်းကို ကာကွယ်ခြင်း၊**
- **အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊**
- **တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊**
- **ငှက်ဖျားရောဂါ ကာကွယ်ကုသရေး၊**
- **မျိုးဆက်ပွားကျန်းမာရေးနှင့် ပက်သက်သည့် ပညာပေးလုပ်ငန်း၊**
- **သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်း၊**
- **မူကြိုကျောင်းဖွင့်လှစ်ခြင်း၊**
- **ချို့တဲ့ကလေးများ ပညာသင်ထောက်ပံ့ခြင်း၊**
- **'အ'သုံးလုံးကျေ သင်တန်းဖွင့်ခြင်း၊**

ယုဝတီခင်ဦး

- **ငွေစုငွေချေးလုပ်ငန်း၊**
- **မိသားစုဝင်ငွေတိုးလုပ်ငန်း၊**
- **မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားချို့ယွင်းမှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များနှင့်ပူးပေါင်းကာ အခမဲ့ကုသပေးသည့်လုပ်ငန်း၊**
- **မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တွင် ရောဂါရှာဖွေရေးဆေးခန်း Diagnostic Centre ဖွင့်လှစ်ထားခြင်း**

စသည့် နိုင်ငံတော်တစ်ဝန်းလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများမှာ မရေမတွက်နိုင်ပေ။ ကျောင်းနေအရွယ်ကလေးများအတွက် စုစုပေါင်း ကျောင်းသူကျောင်းသား ဆယ်သိန်းကျော် ပညာသင်စရိတ် ထောက်ပံ့ပေးလျက်ရှိပေသည်။

ထိုနေ့ ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမရှိ လှုပ်ရှားမှုမှတ်တမ်းတင် ဓာတ်ပုံများ၊ ထုတ်ဝေသော ကျန်းမာရေးပညာပေးစာများ၊ ဗီဒီယိုအခွေများ၊ မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ် ဈေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ရာတွင် အသင်းသူများ၊ ဧည့်သည်တော်များ စည်စည်ကားကား ရှိလှသည်။ မိုးပျံဘောလုံးတို့ အမြင့်သို့ ပျံတက်ရာကို မော့ကြည့်၍ လက်ခုပ်များတီးကာ မင်္ဂလာသြဘာပေးကြသည်။

ပြည်နယ်၊ တိုင်းအသီးသီးမှ မိခင်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီများက ဒေသခံပစ္စည်းများ ဖွင့်လှစ်ရောင်းချကြသည်။ ရောင်းချသူကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းပြည်ထောင်စုသူလေးများ၏ အလှအပနှင့် ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှာ ချစ်စဖွယ် ယဉ်ကျေးလှသည်။

ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက အသင်းကြီးသည် လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သည့်အတွက် အသင်းဝင်အားလုံးသည် အသိပညာရှင်၊ အတတ်ပညာရှင်များ မဟုတ်ကြပါကြောင်း၊ လိုအပ်သော နည်းပညာ၊ အတတ်ပညာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကူအညီ ယူခဲ့ရပါကြောင်း၊ နီးနွယ်ဆက်စပ်မှု အများဆုံးဌာနများမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ဖြစ်ကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအနေဖြင့် မိတ်ဖက်ဖြစ်သော ပြည်တွင်းပြည်ပမှ လူမှုရေး အဖွဲ့အစည်း အသီးသီးနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့က စိတ်အားထက်သန်သော ကဏ္ဍမှပူးပေါင်းပါဝင်ပြီး နှစ်ပေါင်းများစွာ စေတနာထား၍ ကူညီထောက်ပံ့မှုများလည်းရရှိကြောင်း ပြောကြားသွားသည်။

ထို့နောက် ၂၀၀၃ ခုနှစ်အတွင်း ထူးချွန်စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်သော ပြည်နယ်နှင့် တိုင်းများကိုလည်းကောင်း၊ အရည်အသွေး မြင့်မားသော စာတမ်းရေးသားပြုစုခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းများကို လည်းကောင်း ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ဧည့်သည်တော်များနှင့် မြန်မာပြည်သူပြည်သားအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ခညောင်းသည့် နှစ်ကူးအခါသမယ ဖြစ်ပါစေကြောင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆုမွန်တောင်းပေးပါကြောင်း နှုတ်ဆက်အမှာစကား ပြောကြားခဲ့သည်။

ညီလာခံကြီးကား ဖွင့်ပွဲ၊ ဆွေးနွေးပွဲတို့ကို စည်စည်ကားကား မင်္ဂလာရှိစွာ ပြီးဆုံးသွားခဲ့ပေပြီ။ အမျိုးသားရေးတာဝန် တစ်ရပ်ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်ရေးအတွက် ဆောင်ရွက်ကြရဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တိုက်တွန်းပြောကြားရာတွင် **"ကျွန်မတို့ အသင်းဝင်များအားလုံး အခုရရှိခဲ့တဲ့ အောင်မြင်မှုနဲ့ တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်ပြီး ယခုထက် ပိုမိုအောင်မြင်မှုရရှိရန် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်သွားပါလို့ တိုက်တွန်းလိုပါတယ်"**ဟု နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အနယ်နယ်အရပ်ရပ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်အားလုံးသည် ပြည်သူတစ်ရပ်လုံး၏ ပါဝင်ပေါင်းစပ်ကူညီမှုကို ရယူကာ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရောကိုယ်ပါ အားထည့်၍ ဆက်လက် ဖော်ဆောင်ကြပါစို့ဟု ဆန္ဒပြုလျက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ညီလာခံကြီးကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

ပင်နာဆိုးနစ်အရောင်းမြှင့်တင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

ဂျပန်နိုင်ငံ Matsushita Electronic Industrial Ltd. နှင့် ဟန်မြန်မာ အီလက်ထရွန်နစ်တို့ ပူးပေါင်း၍ Panasonic Summer Sales Promotion 2004 အရောင်းမြှင့်တင်ပွဲကို ဧပြီ ၂၄ ရက်က ရန်ကုန်မြို့ Traders Hotel တွင် ကျင်းပသည်။ အခမ်းအနားတွင် ဟန်မြန်မာ အီလက်ထရွန်နစ်၏ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းနိုင်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အပေါ်ပုံ))** Panasonic Summer Sales Promotion 2004 အရောင်းမြှင့်တင်ပွဲနှင့် ပတ်သက်သော အစီအစဉ်များနှင့် ချီးမြှင့်ပေးအပ်မည့် ဆုများ အကြောင်းကို Matsushita Electronic Industrial Ltd. ၏ Chief Representative ဦးကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသည်။ ယခုနှစ် အရောင်းမြှင့်တင်ရေး ကာလမှာ ဧပြီ ၂၅ ရက်မှ ၃၀ ရက် အထိဖြစ်ပြီး အဆိုပါကာလအတွင်း နောက်ဆုံးပေါ်အဆင့်မြင့် Panasonic ရုပ်သံ ပစ္စည်းအမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည့်အပြင် ဝယ်ယူသူတိုင်းအတွက် သီးသန့်အဖိုးတန် မေတ္တာလက်ဆောင်ပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

(က-ပ)

စက်မှုသင်တန်းကျောင်း(မန္တလေး)အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး မြေနေရာသတ်မှတ်ထားမှုအခြေအနေ ဝန်ကြီးဗိုလ်ချုပ်စောလွင် စစ်ဆေး

ရန်ကုန် ဧပြီ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၅ရက်က မန္တလေးမြို့သို့ ရောက်ရှိပြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(မန္တလေး)ကို အဆင့်တိုးမြှင့်၍ ဖွင့်လှစ်ရန်အတွက် စာသင်ဆောင်များ၊ ဓာတ်ခွဲခန်းနှင့်လေ့ကျင့်ရေးအလုပ်ရုံများ တည်ဆောက်ရန် မြေနေရာ သတ်မှတ်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက သင်ကြားရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် လိုအပ်သည်များ စစ်ဆေးဆောင်ရွက်ပြီး အဆောက်အအုံများ အမြန်ဆောက်လုပ်ရေး၊ ပြည်ပမှ မှာယူထားသော သင်ထောက်ကူပစ္စည်းများ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ် ဥက္ကဋ္ဌ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ၂၆ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ် မန္တလေးဘဏ်ခွဲသို့ ရောက်ရှိပြီး ဘဏ်အတွင်းငွေကြေးနှင့် စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ ငွေသွင်းငွေထုတ်ပြုလုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးဘဏ်ခွဲမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးစိုင်းထွန်းဦးက ဘဏ်ခွဲ၏ ငွေကြေးအခြေအနေ၊ ချေးငွေများ ထုတ်ပေးထားမှုနှင့် ပြန်လည်ပေးဆပ်မှု၊ အတိုးရရှိမှုနှင့် ပျက်ကွက်သူများအား အရေးယူမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ် ဒါရိုက်တာ ဦးလှမြင့်က မန္တလေးဘဏ်ခွဲနှင့် မိတ္ထီလာဘဏ်ခွဲ တို့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း အမြတ်ရရှိမှုအခြေအနေကို ဖြည့်စွက်တင်ပြသည်။ ဝန်ကြီးက ချေးငွေနှင့် အတိုးများ သတ်မှတ်ချိန်အတိုင်း ပြန်လည်ရရှိရေး၊ ဘဏ်သို့ အပ်နှံသည့် ငွေများကို ရုံးချုပ်သို့ အချိန်မီဆက်လက်ပေးပို့အပ်နှံရေးနှင့် မီးဘေးလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

[illegible]

အခန်း (၇)

မြန်မာနိုင်ငံက အကူအညီတောင်းခံခြင်း

[illegible]

(က) [illegible]

(ခ) [illegible]

[illegible]

အခန်း (၈)

ကုန်ကျစရိတ်ကျခံခြင်း

[illegible]

အခန်း (၉)

အထွေထွေ

[illegible] (က) [illegible]

(ခ) [illegible]

[illegible]

(က) [illegible]

(ခ) [illegible]

[illegible]

(က) [illegible]

(ခ) [illegible]

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ထိုင်းနိုင်ငံကုန်စည်ပြပွဲ(၂၀၀၄)သတင်းစာရှင်းလင်း

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအစီအစဉ်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးရာဌာန၏ နဝမအကြိမ်ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)ကို မေ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါထိုင်းကုန်စည်ပြပွဲ(၂၀၀၄)နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအကြံပေးပုဂ္ဂိုလ် ဦးတင်ခ၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) နှင့် (နိုင်ငံခြား)တို့မှ စာတည်းမှူးချုပ်များနှင့်စာတည်းများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစစ်ကိုင်ဖနှင့် နိုင်ငံခြားသတင်းထောက်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ကုန်သွယ်ရေးဌာန စီးပွားရေးရာသံမှူး Mr. Matyawongse Amatyakul နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် စီးပွားရေးရာသံမှူးတို့က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် နဝမအကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)တွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၄၀ က ပြခန်းပေါင်း ၁၇၅ ခန်းဖြင့် ကားအပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကလေးကစားစရာ ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ဆံကေသာအလှပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ ပရိဘောဂများ၊ အဝတ်အထည်များ၊ ဖက်ရှင်သုံးအလှကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ သားရေထည်ပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ တွင်ခုံနှင့်ပတ်သက်သော စက်ကိရိယာ ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းတို့ကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ သိလိုသည့်မေးမြန်းချက်များကို ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် စီးပွားရေးရာသံမှူးတို့က ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ပြပွဲဝင်ခွင့်လက်မှတ်ရယူလိုသော မြန်မာနိုင်ငံမှကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များသည် TTF (Yangon) Co., Ltd. အမှတ် ၉၆၊ ဘိုကလေးဈေးလမ်း ရန်ကုန်မြို့ ဖုန်း- ၂၉၄၀၀၆၊ ၂၉၆၂၂၇၊ ၂၄၅၁၃၇၊ ၁၄၅၁၃၈ နှင့် ဖက်စ်-၂၄၅၀၉၂ တို့သို့ ဆက်သွယ် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းရဲညွှန့်လောင်းသင်တန်း(မြိတ်စခန်း) အခြေခံနှင့် တန်းမြင့်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်း သင်တန်း (မြိတ်စခန်း)အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တနင်္သာရီရေတပ်စခန်း ဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီး ဝင်းရှိန်တို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ထို့နောက် အလှူရှင်အသီးသီးက အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း (မြိတ်စခန်း)တွင် အခြေခံသင်တန်းသား ၅၀ နှင့် တန်းမြင့်သင်တန်းသား ၂၀ တက်ရောက် ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မျိုးဆက်ပွား ကျန်းမာရေး သတင်းစနစ်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲနှင့် ထူးချွန် ဝန်ထမ်းများ ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲဖွင့် ထူးချွန်ဝန်ထမ်းများကျန်းမာရေးဝန်ကြီးဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲဖွင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဇုဟိုအလုပ်အမှုဆောင်များ၊ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်း၊မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်သော ၂၀၀၃ ခုနှစ် မျိုးဆက်ပွား ကျန်းမာရေး သတင်းစနစ် ထူးချွန်ဆုရရှိသူ ပြည်နယ်၊တိုင်း ဦးစီးဌာနမှူးတစ်ဦး၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ငါးဦး၊ ကြီးကြပ်သူ ငါးဦးနှင့် လုပ်ငန်းဆောင်ရွက်သူ ၁၀ ဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက်မျိုးဆက်ပွားကျန်းမာရေးသတင်းစနစ်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် တာဝန်ရှိသူများက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယရှေ့နေချုပ်ရှမ်းပြည်နယ်ဥပဒေရုံးများစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)မှဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်နှင့် အဖွဲ့သည် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အတွင်း ရှမ်းပြည်နယ်သို့သွားရောက်၍ ဥပဒေရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဟိုပုံးမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည်။

ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဥပဒေရုံး၊ တောင်ကြီးခရိုင်ဥပဒေရုံးနှင့် တောင်ကြီးမြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ဧပြီ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ဟိုပုံးမြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့်အတူ ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်ဥပဒေရုံးတွင် ပြည်နယ်/ခရိုင်/မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့်တွေ့ဆုံပြီး အမှုလိုက်လုပ်ငန်း/စီမံခန့်ခွဲရေး လုပ်ငန်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(က-ပ)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၆ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၃ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်က သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကမဟာဂန္ဓာဝင်ကျောင်း ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း၊ စေတီတော်ရင်ပြင် ရာဟုထောင့် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဗောဓိပင်၌ နံနက်ပိုင်းမှ ညနေပိုင်းအထိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် အမွှေးနံ့သာ၊ အောင်သပြေ၊ တာအိုးများ စီစဉ်ထားရှိမည်ဖြစ်ပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟုသိရသည်။ **(က-ပ)**

▼ *ကျောဖုံးမှ*

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီး လယ်သမားကြီး ဦးမြင့်ဦး၏ လယ်မြေ၌ သီးထပ်ရင် အမျိုးအစားနွေစပါးကိုစက်မှုလယ်ယာ ဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့နေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်း နွေစပါးရိတ်သိမ်းခြင်း လုပ်ငန်းများကို စက်ယန္တရားများ အသုံးချပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ရန် ဒေသခံတောင်သူလယ်သမားကြီးများအား ပညာပေးဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ကံကလေးကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်ထားရှိသည့် ကံကလေး လျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး မြစ်ရေတင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးက ကံကလေးမြစ်ရေတင် စီမံကိန်းမှ မှော်ဘီမြို့နယ်အတွင်း နွေစပါးခင်းများ၌ စိုက်ပျိုးရေပေးသွင်းနေမှုအခြေအနေများနှင့် ဆက်လက် တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မှော်ဘီမြို့နယ်အတွင်း နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် နိုင်ငံတော်မှငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးခဲ့ရာ ဒေသခံတောင်သူ လယ်သမားများက နွေစပါးတိုးချဲ့ စိုက်ပျိုးရေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံ တောင်သူလယ်သမားကြီးများ၏ နွေစပါးခင်းများတွင် စိုက်ပျိုးရေလိုအပ်ချက်ကို စနစ်တကျ ဖြည့်ဆည်းပေးကြရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘောလယ်ကျွန်းဒေသ၌ လာမည့် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေသွင်းမြောင်းများပြုပြင်ခြင်းလုပ်ငန်းများကို အချိန်မီဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဘောလယ်ကျွန်းဒေသ အလိန်လယ်ကျေးရွာအနီး ကြို့ကုန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ပျိုးနိုင်ရန် ရေသွင်းမြောင်းများ တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လှိုင်မြစ်မှအကူမြစ်ရေတင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကာ ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် တည်ဆောက်မည့်လျှပ်စစ်စီမံကိန်းကြီးများ

စဉ်	တည်ဆောက်မည့်စီမံကိန်း	တည်နေရာ	ထုတ်လုပ်နိုင်မည့်မဂ္ဂါဝပ်
၁။	ထမံသီစီမံကိန်း	စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်	၁၂၀၀ မဂ္ဂါဝပ်
၂။	မော်လိုက်စီမံကိန်း	စစ်ကိုင်းတိုင်း၊ မော်လိုက်မြို့နယ်	၄၀၀ မဂ္ဂါဝပ်
၃။	ရွှေစာရေးစီမံကိန်း	စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်	၆၆၀ မဂ္ဂါဝပ်
၄။	အထက်ပေါင်းလောင်းစီမံကိန်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၈၄ မဂ္ဂါဝပ်
၅။	နန့်ချိုစီမံကိန်း	မန္တလေးတိုင်း၊ ပျဉ်းမနားမြို့နယ်	၄၈ မဂ္ဂါဝပ်
၆။	အထက်ဆည်တော်ကြီးစီမံကိန်း	မန္တလေးတိုင်း၊ မတ္တရာမြို့နယ်	၆၅ မဂ္ဂါဝပ်
၇။	ကြီးအုံကြီးဝစီမံကိန်း	မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်	၆၀ မဂ္ဂါဝပ်
၈။	ဘူးရှော(မုန်း)စီမံကိန်း	မကွေးတိုင်း၊	၆၀ မဂ္ဂါဝပ်
၉။	နမ္မတူစီမံကိန်း	ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်	၃၆ မဂ္ဂါဝပ်
၁၀။	တာဆန်း(သံလွင်)စီမံကိန်း	ရှမ်းပြည်နယ်၊	၇၁၁၀ မဂ္ဂါဝပ်
၁၁။	ပြောင်ရှိုစီမံကိန်း	ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်	၆၀ မဂ္ဂါဝပ်
၁၂။	နမ့်လန်စီမံကိန်း	ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်	၁၆၀ မဂ္ဂါဝပ်
၁၃။	ဘီလူးချောင်း(၃)စီမံကိန်း	ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်	၄၈ မဂ္ဂါဝပ်
၁၄။	ဘောဂတစီမံကိန်း	ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်	၁၆၀ မဂ္ဂါဝပ်
၁၅။	သောက်ရေခပ်စီမံကိန်း	ကရင်ပြည်နယ်၊ သံတောင်မြို့နယ်	၁၅၀ မဂ္ဂါဝပ်
၁၆။	ဟတ်ကြီးစီမံကိန်း	ကရင်ပြည်နယ်၊ ကမာမောင်းရွာ	ပထမအဆင့် ၄၀၀ မဂ္ဂါဝပ် ဒုတိယအဆင့် ၂၀၀ မဂ္ဂါဝပ်
၁၇။	ဘီးလင်းစီမံကိန်း	မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်	၂၈၀ မဂ္ဂါဝပ်
၁၈။	တနင်္သာရီစီမံကိန်း	တနင်္သာရီတိုင်း၊	၆၀၀ မဂ္ဂါဝပ်
၁၉။	ရေသေခေါင်ပြစ်ဆုံစီမံကိန်း	ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်	၄၀၀၀ မဂ္ဂါဝပ်

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Importance of Micro Business in Economic Development (အိမ်တွင်းစီးပွား)
၅း၃၀ ၉။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ (ဆိုဗီယက်-ရုရှားပြန် ဦးမောင်မောင် ဦးစီးသော အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့၏ တင်ဆက်ဖျော်ဖြေမှုအစီအစဉ်။) (အပိုင်း-၁)
၇း၁၅ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်
၁၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၂)

■ *ကျောဖုံးမှ*

အဆိုပါ ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာ လှပရေးအတွက် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၀၃ခုနှစ် မေလမှစတင်၍ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအချို့အပြီးသတ် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများအား ဇုန်လေးဇုန်ခွဲခြား၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ဇုန်လေးဇုန်မှာ (၁) Relaxation Zone၊ (၂) Education Zone၊ (၃) Central Forest Zone၊ (၄) Recreation Zone တို့ဖြစ်ကြသည်။

ဇုန်(၁)

ဇုန်(၁)အဖြစ်သတ်မှတ်ထားသည့် Relaxation Zone ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ Relaxation Zone တွင် အဓိကလုပ်ငန်းရပ်များ အနေဖြင့် မြေပြုပြင်ခြင်းနှင့် မြက်စိုက်ပျိုးခြင်း၊ ကျွန်းကူးတံတားတည်ဆောက်ခြင်း၊ Timber Walk Way တည်ဆောက်ခြင်း၊ Viewing Plaza တည်ဆောက်ခြင်း၊ Timber Trellis တည်ဆောက်ခြင်း၊ Elephant Plaza တည်ဆောက်ခြင်း နှင့် Exercise Garden တည်ဆောက်ခြင်း တို့ ပါဝင်သည်။

ဇုန်(၁)အတွင်း၌ ပုလဲကျွန်း၊မဟာမြိုင်ကျွန်း၊ ခေမာဒီပကျွန်း၊ ပုဂံလုံးကျွန်းနှင့် ငါးပြတိုက်ဟောင်းတို့ အပါအဝင်ဖြစ်သည်။ ငါးပြတိုက်ဟောင်းနေရာတွင် Conference Hall တစ်ခု တည်ဆောက်မည်ဖြစ်ပြီး အပန်းဖြေသူများလမ်းလျှောက် အပန်းဖြေနိုင်ရန် ပေ ၆၆၀၀ ရှည်လျားသည့် Timber Walk Way ပါဝင်မည်ဖြစ်သည်။ Elephant Plaza ၌ ဆင်ရုပ်ကိုးရုပ်ထားရှိရန် စီစဉ်ထားသည်။

မိသားစုအလိုက် အပန်းဖြေလာရောက်သူများ ကားရပ်နားရန် Car Parking နှစ်ခုကိုလည်း တည်ဆောက်မည်ဖြစ်သည်။ ထူးခြားသည်မှာ ဂျပန်နိုင်ငံပန်းခြံများ၌ တွေ့ရလေ့ရှိသော သစ်ချောင်းများဖြင့် အလှဆင်ထားသည့် ပြကွက် (Timber Trellis) ပင်ဖြစ်သည်။ အပန်းဖြေသူများရှုခင်းများကို စိတ်ကြိုက်ကြည့်ရှုနိုင်ရန် သစ်သားဖြင့် ဆောက်လုပ်ထားသည့် ရှုခင်းသာ(Tiber Deck) လည်းရှိသည်။

ဇုန်(၂)

ဇုန်(၂)အဖြစ်သတ်မှတ်ထားသည့် Education Zone ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ Education Zone သည် ရေပြင်နှင့် မြေပြင် စုစုပေါင်း ၂၁ ဒသမ ၅ ဧက ပါဝင်သည်။ အဆိုပါ ၂၁ ဒသမ ၅ ဧကအနက် ၃ဒသမ၅ ဧကကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်နေသည်။

Education Zone တွင် ပါဝင်မည့် အဓိကလုပ်ငန်းရပ်များမှာ ပန်းမန် သစ်ပင် ပျိုးပင်အရောင်းဆိုင်များ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေး ပညာပေးဆိုင်ရာ ပြကွက်များ တည်ဆောက်ခြင်း၊ ခြံထွက်သီးနှံ အရောင်းဆိုင် တည်ဆောက်ခြင်းနှင့် ငါးပြတိုက် တည်ဆောက်ခြင်းတို့ ပါဝင်သည်။ ပျိုးပင်နှင့် စိုက်ပျိုးရေး ပစ္စည်းအရောင်းဆိုင် ၁၉ လုံး တည်ဆောက်ထားရာ လေးခန်းတွဲ၁၈လုံးနှင့် နှစ်ခန်းတွဲ တစ်လုံးဖြစ်သည်။ တစ်ခန်းလျှင် ပေ ၃၀ x ပေ ၂၀ ကျယ်ဝန်းပြီး ပုဂ္ဂလိက အရောင်းဆိုင်များ ဖြစ်သည်။

Education Zone အတွင်း၌ ထူးခြားချက်မှာ ပြကွက်များ ပါဝင်နေခြင်းပင်ဖြစ်သည်။ ပြကွက်ကိုးခုရှိရာ ပန်းမန်ပြကွက်၊ ပျိုးခင်းဈေးပွဲတော်၊ ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံပြကွက်၊ ရေပေါ်စိုက်ခင်းပြကွက်၊ အာဟာရရည်ဖြင့် စိုက်ပျိုးသည့်ပြကွက်၊ ဓာတုဆေးရည်လွတ်စိုက်ခင်းပြကွက်၊ သစ်ခွပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေးပြကွက်နှင့် သစ်သီးဥယျာဉ် ပြကွက်တို့ ဖြစ်ကြသည်။

ဇုန်(၃)

ဇုန်(၃)အဖြစ်သတ်မှတ်ထားသည့် Central Forest Zone ကို သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်း ဆောက်ရွက်နေခြင်းဖြစ်သည်။ Central Forest Zone သည် ရေပြင်နှင့် မြေပြင်စုစုပေါင်း ဧက ၄၀ကျယ် ဝန်းသည်။ ဗိုလ်ချုပ်ကျွန်း၊ မြိုင်မာလာကျွန်းနှင့် သစ်ခွကျွန်းတို့ အပါအဝင်ဖြစ်သည်။

Central Forest Zone ၏ အဓိက လုပ်ငန်းရပ်များ အနေဖြင့် Flower Tree Garden တည်ဆောက်ခြင်း၊ Water Fountain တည်ဆောက်ခြင်း၊ Water Plaza တည်ဆောက်ခြင်း၊ ရေပန်းကြီးခြောက်ခု တည်ဆောက်ခြင်း၊ မြေပြုပြင်ခြင်းနှင့် မြက်ခင်းများ စိုက်ပျိုးခြင်းတို့ ပါဝင်သည်။ စားသောက်ဆိုင်သုံးဆိုင် ဆောက်လုပ်ထားသည်။ သစ်တောရေးရာမှ သစ်ပင်အပင်ကြီးကိုးပင်ကို ပြောင်းရွှေ့စိုက်ပျိုးထားရာ မယ်ဇယ်ပင်၊ ပုန်းညက်ပင်နှင့် ခရေပင်တို့ဖြစ်သည်။

ဇေကမ္ဘာကုမ္ပဏီမှ တာဝန်ယူ၍ ဇုန်(၄)၌ အပျော်စီးလှေဆိုက်ကပ်ရန်နေရာကို တည်ဆောက်လျက်ရှိရာ သောင်တူးစက်ဖြင့် ကန်တော်ကြီးအတွင်းမှ နုန်းများ ဆယ်ယူပို့တင် နေစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရေပေါ်ရှုခင်းသာ (Water Plaza) နှင့်အတူ ရေပန်းခြောက်ခုမှာ အပန်းဖြေသူများ အထူးသဘောကျ ကျေနပ်မည့် အစီအစဉ်ပင်ဖြစ်သည်။ Water Plaza ပေါ်မှရွှေတိဂုံစေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးမြော်နိုင်ပြီး အဆိုပါမြင်ကွင်းကြား၌ ရေပန်းခြောက်ခုမှ ရေပန်းဖွားများ ဖြာကျနေမည်ဖြစ်ရာ ထူးခြားသည့် မြင်ကွင်းပင်ဖြစ်သည်။ နံနက်စောစောနှင့် ညနေခင်းများ၌ Water Plaza ပေါ်မှရေပန်းဖွားများကိုကျော်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်လျှင် အထူးစိတ်ကြည်နူးဖွယ်ရာပင်ဖြစ်သည်။

ဇုန် (၄)

ဇုန်(၄)အဖြစ်သတ်မှတ်ထားသည့် Recreation Zoneကိုဇေကမ္ဘာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ဇုန်(၄)၏အကျယ်အဝန်းမှာ ရေပြင်နှင့်မြေပြင်စုစုပေါင်း ၆၅ဧကရှိသည်။ ကရဝိက်နန်းတော် ပါဝင်သောအပိုင်းဖြစ်ပြီး အပန်းဖြေသူများအတွက် အထူးအစီအစဉ်များ ပါဝင်သောဇုန်လည်းဖြစ်သည်။

Recreation Zone ၌ပါဝင်မည့်လုပ်ငန်းရပ်များမှာ Viewing Plaza တည်ဆောက်ခြင်း၊ Children's Gardenတည်ဆောက်ခြင်းနှင့် Flower Gardenတည်ဆောက်ခြင်း တို့ဖြစ်ကြသည်။ Recreation Zoneကို အပိုင်းလေးပိုင်းခွဲခြား၍ အစီအစဉ်များချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အပိုင်း(၁)တွင် ကန်တော်ကြီးဈေး၊ အပိုင်း(၂)တွင် မိသားစုအလိုက် ပျော်ပျော်ပါးပါး စားသောက်နိုင်သည့် စားသောက်ဥယျာဉ်(Berbecue Garden)၊ အပိုင်း (၃)တွင် ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များ ပါဝင်သည့် Children Adventure Garden၊ အပိုင်း(၄)တွင် စတိတ်ရှိုးနှင့်ဆိုင်ခန်းများပါဝင်သည့် Sky Pier တို့ဖြစ်ကြသည်။

Recreation Zone ၌ထူးခြားသည့် မြင်ကွင်းမှာ ကျိုက်ထီးဆောင်းဒေသမှသယ်ယူလာသည့် ဂဝံကျောက်များကို မွမ်းမံပြင်ဆင်ပြီးအလှဆင်ထားခြင်းဖြစ်သည်။ ဂဝံကျောက်ဖြင့် မြက်ခင်းပေါင်ခတ်ခြင်း၊ လူသွားလမ်းခင်းခြင်းများပြုလုပ်ထားပြီး မိကျောင်းရုပ်တစ်ခုကိုလည်း ဂဝံကျောက်များဖြင့် ထွင်းထုနေသည်ကိုတွေ့ခဲ့ရသည်။

မြေသားပြုပြင်မှု၊ မြက်ခင်းအလှပြုပြင်မှုများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံမှကျွမ်းကျင်သူ ပညာရှင် Mr. Chusit နှင့်မြန်မာအင်ဂျင်နီယာများ ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ Recreation Zone အတွက်ဒီဇိုင်းကို ဂျပန်နိုင်ငံမှ ကျွမ်းကျင်မှုပညာရှင် Mr. John Inada နှင့်မြန်မာအင်ဂျင်နီယာများ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြသည်။ စက်ယန္တရားကြီးများအပြည့်အစုံ၊ နေ့စားနှင့်အမြဲတမ်းဝန်ထမ်း ၅၀ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ ဒီဇိုင်းကိုယူပြီး မြန်မာအင်ဂျင်နီယာများက တည်ဆောက်ထားသည့် အရည်အသွေးမြင့် အရောင်းဆိုင်များကိုလည်းတွေ့ရသည်။ အဆိုပါဆိုင်ခန်းများတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းများကိုလည်း ရောင်းချသွားမည် ဖြစ်သည်။ မြက်ခင်းများကိုလည်း မျက်စိပသာဒရှိစေရန် အချို့နေရာများ၌ ဂျပန်မြက်များကို စိုက်ပျိုးထားသည်။ သောင်တူးစက်၊ မြေကော်စက်ကြီးများ အကူအညီဖြင့် ကမ်းစပ်တစ်နေရာတွင် မြေဖို့နေပြီး အပျော်စီးလှေများထားရှိရန် စီစဉ်လျက်ရှိသည်။

အပန်းဖြေနိုင်မည်

ရန်ကုန်မြို့တော်ကန်တော်ကြီး ဥယျာဉ်သည် ယခင်က မြင်တွေ့ခဲ့ရသည့် မြင်ကွင်းနှင့်ခြားနားကာ အသွင်သစ်ဖြင့် လှပဝေဆာတော့မည်ဖြစ်သည်။ အပန်းဖြေရုံသက်သက် မဟုတ်ဘဲသစ်တော၊ သစ်ပင်နှင့်ပတ်သက်သည့် ဗဟုသုတများ၊ ပန်းမန် သစ်သီးဝလံနှင့်ပတ်သက်သည့် ဗဟုသုတများကိုလည်းရရှိနိုင်မည်ဖြစ်သည်။ မကြာမြင့်သောကာလတွင် ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများပြီးစီးတော့မည်ဖြစ်ရာ စိမ်းလန်းစိုပြည်သာယာလှပသော ကန်တော်ကြီးဥယျာဉ် အတွင်း၌ ပြည်သူများ နှမ်းနယ်သမျှကို တစ်ဝကြီး အပန်းဖြေနိုင်တော့မည် ဖြစ်ပါကြောင်း သတင်းဆောင်းပါးအဖြစ် တင်ဆက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကန်တော်ကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအဆင့်မြင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ကန်တော်ကြီးအတွင်း ဇုန်(၄)ဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်မှ တာဝန်ယူထားသော ဇုန်(၁) ပုလဲကျွန်းနှင့် မဟာမြိုင်ကျွန်းကူးတံတား ပန်းဥယျာဉ်များ တည်ဆောက်ထားမှုအနေအထားကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပျိုးပင်နှင့်စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင် တည်ဆောက်ထားရှိမှုအခြေအနေကို တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၁၇) ကြိမ်မြောက်ပြည်နယ်နှင့်တိုင်းစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အတွင်းရေးမှူး ဦးထွန်းနိုင်ဦးနှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နောက်ဆုံးဗိုလ်လုပွဲစဉ်များကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အကောင်းဆုံးအားကစားသမားဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ အမျိုးအမီးအားကစားအဖွဲ့ချုပ် ဦးဆောင် နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ပါမောက္ခဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်စန်းစန်းမြင့်နှင့်ဒေါ်အေးအေး၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ကျော်တို့က အသီးသီး ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ရန်ကုန်တိုင်း အသင်းတို့အား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြည်ထဲရေးအသင်းက မလိခအသင်းကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် အောင်ဆန်း အားကစား ပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက မလိခအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းသည် ပွဲစသည်နှင့် ဂိုးရရှိရေးတင်ကစားသော်လည်း မလိခအသင်းက သူတစ်ပြန်ကိုယ် တစ်ပြန်ကစားရာ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေဖြစ်နေသည်။ ပြည်ထဲရေးအသင်းအတွက် အနိုင်ဂိုးကို စည်သူဝင်းအစားဝင်ကစားသည့် တင်ဇော်သန်းက ၇၈မိနစ်တွင် သွင်းယူပေးသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ပြည်ထဲရေးအသင်းမှ ချစ်ကိုကိုကရရှိသည်။

ယနေ့ပွဲ

ဧပြီ ၂၉ ရက်(ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ပတ္တမြားနဂါး အသင်းနှင့် လယ်/ဆည်အသင်း၊ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ သစ်တောရေးရာအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကျန်းမာရေးစီမံချက်အသိပေးရှင်းလင်း

ရန်ကုန် ဧပြီ ၂၈

ကျန်းမာရေး ဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးနှင့် ရောဂါ ရှာဖွေကုသရေး ဌာနတို့က ကြီးမှူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေး ကျန်းမာရေး စီမံချက်အရ အသိပေးရှင်းလင်းပွဲကို ဧပြီ ၂၈ရက်က ရန်ကုန်မြို့အထက်ပန်းဆိုးတန်းလမ်းရှိ အဖွဲ့ရုံးခန်းတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး ရာနှုန်းပြည့်ကွန်ဒုံး အသုံးပြုရေးစီမံချက်မန်နေဂျာ ဒေါက်တာထွန်းမြင့်က စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ရပ်ကွက်ပေါင်း၂၀မှဥက္ကဋ္ဌများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ တည်းခိုခန်း၊ ဟိုတယ်၊ ကာရာအိုကေ ဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင်တာဝန်ခံဆရာဝန် ဒေါက်တာ သိင်္ဂီအောင်က မေးမြန်းချက်များကို ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၂၅၉)**

လှော်ကားဥယျာဉ် ကမ္ဘာ့အလုပ်သမားနေ့နှင့် ကဆုန်လပြည့်နေ့တို့တွင် ဖွင့်လှစ်ထားမည်

ရန်ကုန် ဧပြီ ၂၈

သစ်တောဦးစီးဌာန လှော်ကား ဥယျာဉ်ကို မေ၁ရက်(စနေနေ့)ကမ္ဘာ့ အလုပ်သမားနေ့နှင့် မေ၃ရက် (တနင်္လာနေ့)ကဆုန် လပြည့်နေ့တို့တွင် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၈

နိုင်ငံခြားငွေယိုပေါက်ပိတ်နိုင်ဖွယ် မြန်မာ့ပထမပိုဗိုလန်စက်ရုံလည်ပတ်တော့မည်၊ ကညနရုံးသို့ လူကိုယ်တိုင်သွားစရာမလိုဘဲ အွန်လိုင်းဖြင့် ကားလိုင်စင်ကိစ္စလုပ်နိုင်တော့မည်၊ ဗန်ကောက်အဲယားဝေး ရန်ကုန်–ဗန်ကောက် နေ့စဉ်ပျံသန်းမည်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့အတွက် ဒေဝူးက လာမည့်နှစ်တွင် ဒေါ်လာ ၅၄သန်း စတင်ရင်းနှီး စသည့်ပြည်တွင်းရေးရာ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ခွဲစိတ်မှုအပြီး ကတ်ကြေးတစ်လက် ဝမ်းခေါင်းထဲ၌ ကျန်ရစ်နေခဲ့၊ ဆိုနီ ကုမ္ပဏီ စက္ကူဒီဗွီဒီဖန်တီးနိုင်ပြီ၊ မန်ယူ ဘောလုံးကလပ် တရုတ်တွင် ဈေးကွက်တင် ယန္တရားကို စက်နှိုး၊ ဆေးလိပ်က နှလုံးအဆုတ်သာမက ဦးနှောက်ကိုပါ ထိခိုက်စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိကြောင်းသိရသည်။ **(က–ပ)**

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အလယ်ရပ်နေ (ဦးဘသီ–ဒေါ်လုပွင့်၊ ရွှေဥဒေါင်းစတိုး)၊ (ဗန်းမော်–မန္တလေးသင်္ဘောကုန်သည် ဦးတိုးကြွယ်–ဒေါ်တင်ဦး)တို့၏မြေး၊ (ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်–ဒုတိယမော်ကွန်းတိုက်မှူး စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်)–
ဒေါ်ခင်ကြွယ်ဦး(ပါမောက္ခ၊မြန်မာစာဌာန၊ယဉ်ကျေးမှုတက္ကသိုလ်၊ရန်ကုန်)တို့၏သားငယ်

ဗိုလ်ဘုန်းမြတ်သူ B.Sc(Physics)(D.S.A)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးဝင်းတင်(ငြိမ်း)(စာတည်းမှူးချုပ်၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)–
ဒေါ်ခင်ခင်ဌေးတို့၏ သမီးလတ်

မစုမွန်သီဟအောင် (B.Com)

တို့၏ ၂၀–၄–၂၀၀၄ရက်(အင်္ဂါနေ့) မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ် ဦးအေးမောင်အားလည်းကောင်း၊ ၂၄–၄–၂၀၀၄ရက်(စနေနေ့)တွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၂၅–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် လမ်းမတော်မြို့နယ် Doreen၌ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ ဝိုင်းဝန်းကူညီခဲ့ကြသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီးဒေါ်အေးပြည့်ဝေခင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီးဒေါ်ကြည်ကြည်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဇနီး ဒေါ်သဇင်နွယ်၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး၊ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်သူနှင့်ဇနီး ဒေါ်အေးအေးရီ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်စိန်ရှ(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ပါမောက္ခချုပ်များနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ အပေါင်းအသင်းရောင်းရင်း မိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးသော ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါ်ခင်လှဌေးနှင့် ကထိကဒေါ်ခင်ဆွေမြင့်(ငြိမ်း)၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်း၊ မေတ္တာဖြင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ရွှေအင်းသားခင်မောင်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီကြသောဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကုတ်ဆွမ်းစားဆောင်မိသားစု၊ Doreen မိသားစုနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဘုန်းမြတ်သူ–မစုမွန်သီဟအောင်။

PACIFIC DIGITAL PHOTO SERVICE

မှ

ဗလင်(၃)လိပ်ကူးလျှင် ဖလင်အသစ်(၁)လိပ် လက်ဆောင်ပေးမည်။

PC နှိုးနှိုး ကျပ် 50/- Digital PC 65/- ကျပ်
(4" x 6") နှိုးနှိုး ကျပ် 70/- Digital (4" x 6") 85/- ကျပ်
အထူးအစီအစဉ်ဖြင့် Digital Camera မှ (4" x 6")တစ်ပုံလျှင် ကျပ်(100/-)

[illegible]

1st May 2004 မှ 15th May 2004 ထိ ရက်တိုးမြှင့်ပါသည်။

ကျေးဇူးအထူးတင်ရှိစွာဖြင့်

(၁) အမှတ် – ၁၈၅ / ၁၈၇၊ [illegible] ရန်ကုန်မြို့။
☎ : ၂၈၅၄၁၅၊ ၂၄၁၀၇၃၊ ၃၈၀၃၄၆
(၂) အမှတ် – ၁၇၉၊ [illegible] (၃၃ လမ်းထောင့်)၊ ရန်ကုန်မြို့။
(၃) အမှတ်–၄၅၃၊ မဟာဗန္ဓုလလမ်း(၃၂လမ်းထောင့်)၊ [illegible] ရန်ကုန်မြို့။

ပြင်ဆင်ဖတ်ရှုပါရန်

၂၈–၄–၂၀၀၄နေ့ မြန်မာ့အလင်း သတင်းစာစာမျက်နှာ(၁၄)တွင်ပါရှိသော သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် ဖခင်အမည်ဦးထွန်းရီအစား ဦးထွန်းဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

(ကမ–၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် အ/၆၄၈၂ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ (ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ (၁၅)ရက်အတွင်း ကညနတိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၁/သမိုင်း၊ မြေကွက်အမှတ် (၃/ဃ)ဧရိယာ ၁ ဒသမ ၃၅၁ ဧက "မောင်လှ၊ လီကာရှာ၊လိုအွန်ဟင်၊ ဖူဝါလမ်" အမည်ရှိ မြေပိုင်မြေကို အမှတ် (၄၆/အေ) တက္ကသိုလ်ရိပ်သာလမ်းနေ ဦးဝင်းနိုင်ဇော် (၁၂/ပဒန (နိုင်)–၀၀၁၉၁၅) က မြေအမည်ပြောင်းခွင့် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန။

ဝန်ထမ်းအလိုရှိသည်။

[illegible]

Hairstylist ကျား/မ(၂)ဦး

Beauty Girls/ Shampoo girls မ(၅)ဦး

Sales Promoter

[illegible]

VAGHEGGI BEAUTY CENTRE

[illegible] ရန်ကုန်မြို့။
ဖုန်း – [illegible]

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံ မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆွေးနွေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံကာ စိုက်ပျိုးရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၂၃ ရက် နံနက်ပိုင်းက မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာလာပြီး မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင်ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းမှူးဗိုလ်ချုပ်သာအေးတို့လိုက်ပါ၍ မန္တလေးမြို့သို့ ရောက်ရှိပြီးနံနက်၉နာရီတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်၊ ကျောက်ဆည် ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များအားတွေ့ဆုံကာ စိုက်ပျိုးရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် ရဲမြင့်က မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေရေး၊ ရေရောက်ရှိအောင်ပို့ဆောင်ရမည့်နည်းလမ်းများနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မိတ္ထီလာခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က ရေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တွေ့ဆုံပွဲကို နံနက် ၁၀နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြောက်ဦးမြို့နယ် လောင်းကြက်တောင်မော် ရွှေကြက်ဖစေတီတော် ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၂၈

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အရှေ့တောင်ဘက် ငါးမိုင်အကွာရှိ "အဠန-နဒီ"လေးမြို့မြစ်၏ အနောက်ဘက်ကမ်း လောင်းကြက်တောင်မော်၌ ခရစ်နှစ် ၁၂၅၀ပြည့်နှစ်က အလောမာဖြူမင်း မြို့တည်ဘုရားအဖြစ် တည်ထားကိုးကွယ်ခဲ့သော ရွှေကြက်ဖစေတီတော်ကြီး ပြိုကျပျက်စီးနေသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာန မြောက်ဦးယဉ်ကျေးမှု ဒေသဌာနခွဲက အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။

တက်ရောက်ချီးမြှင့်

အသစ် တည်ဆောက်ပြီးစီးသွားသော ရွှေကြက်ဖစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲကို ဧပြီ ၂၄ရက် နံနက်ပိုင်းက လောင်းကြက်တောင်မော် ရွှေကြက်ဖစေတီတော်အနီး မဏ္ဍာရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ချီးမြှင့်သည်။

ဆက်ကပ်လှူဒါန်း

လောင်းကြက်တောင်မော် ရွှေကြက်ဖစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲကို အစီအစဉ် နှစ်ပိုင်းခွဲ၍ ကျင်းပသည်။ ပထမပိုင်း အစီအစဉ်အရ ရခိုင်ပြည်နယ်သံဃနာယက ဒိက္ခိဏာရာမ ဆရာတော်ဘဒ္ဒန္တ အသျှင်စန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဌာပနာပစ္စည်းများ၊ ထီးတော်များနှင့် စိန်ဖူးတော်တို့ကို ဆပ်ကပ်ပြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိသူတို့က သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြပြီး မြောက်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇိနမာရ်အောင်ကျောင်းဆရာတော်ဘဒ္ဒန္တသုဝဏ္ဏထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဌာပနာပစ္စည်းများ၊ ရွှေထီးတော်၊ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ ရွှေကြက်ဖ စေတီတော်အား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်သည်။

သွင်းလှူပူဇော်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က သတ္တဌာန ဌာပနာရုပ်တုတော်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရဟန္တာရုပ်တုများ၊ နတ်ဗြဟ္မာရုပ်တုများ၊ ဓာတ်တော်များ စသည်တို့ကို ဌာပနာတိုက်သို့ အစီအစဉ်အတိုင်း သွင်းလှူပူဇော်သည်။

တင်လှူပူဇော်

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မင်းကြီးထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရွှေကြက်ဖစေတီတော်ပေါ်သို့ ပင့်ဆောင်ကာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က တင်လှူပူဇော်သည်။ ဆက်လက်၍ ဆရာတော် အရှင်သူမြတ်တို့က ရွှေကြက်ဖစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။ **(သတင်းစဉ်)**

အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက် ရောက်ကြသည်။

အစီအစဉ်အရ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန် **(အပေါ်ပုံ)**က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမများနှင့် မိတ်ဆက်ပေးသည်။ အဆိုပါသင်တန်းမှာ နှစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အက်ပယ်ကော့စမစ်တစ်(၁၀)နှစ်ပြည့်အထိမ်းအမှတ် ကျင်းပ

ရန်ကုန် ဧပြီ ၂၈

Apple International Co., Ltd.က ကြီးမှူးကျင်းပသည့် Apple Cosmetic (၁၀)နှစ်ပြည့် အထူးကံစမ်းမဲဖွင့်ပွဲနှင့် Vilas Beauty Salon (၁၀)နှစ်ပြည့်အထိမ်း အမှတ်ပွဲကို ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ လပြည့်ဝန်းပလာဇာ၌ ကျင်းပရာ ရှေးဦးစွာ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ဦးမြင့်စိုးက Apple International Co,. Ltd. ကိုယ်စား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အထက်မြန်မာပြည် ရောင်းအား အထူးဆုရ စက်လှေကား အလှကုန်ဆိုင်နှင့် ရန်ကုန် ရောင်းအား အကောင်းဆုံး ပထမဆုရ အလှကမ္ဘာ အလှကုန်ဆိုင်တို့အား Apple International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်ညွန့် **(ယာပုံ)**က လည်းကောင်း၊ ရန်ကုန်ရောင်းအား အကောင်းဆုံး ဒုတိယဆုရ တောင်တွင်းကြီးအလှကုန်ဆိုင်၊ ပူးတွဲဒုတိယဆုရ ပွိုင့်အလှကုန်ဆိုင်နှင့် စတုတ္ထဆုရ Venus အလှကုန်ဆိုင်တို့အား Apple International°Co., °Ltd.မှ ဒါရိုက်တာ ဒေါ်လီလီက လည်းကောင်း ရွှေဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(သတင်းစဉ်)**



ဧပြီ ၁၁ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ရုံးမှ ဝန်ထမ်းများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်း၍ ပုသိမ်မြို့ ရွှေပြည်သာဈေးနှင့် မြို့မဈေးကြီးအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ဆင်းတုတော်လေးဆူ၊ ဗောဓိပင်နှင့် ရွှေပလ္လင်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်မည်

အင်းတကော် ဧပြီ ၂၀

ပဲခူးတိုင်း အင်းတကော်မြို့ အင်းဖားကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်သီရိဓမ္မချပ်စေတီတော် ကုန်းတော်အရှေ့တောင်ထောင့် အရပ်တွင် ဉာဏ်တော် ၄ ပေ၊ ၆ လက်မ ရှိ ဗုဒ္ဓမြတ်စွာရုပ်ပွား ဆင်းတုတော်လေးဆူနှင့် ဗောဓိပင်နှင့် ရွှေပလ္လင်တို့ကို ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချလှူဒါန်းပွဲကို ဓမ္မချပ်သာသနာပြု ဆရာတော် ဦးကုသလမှ ဦးဆောင်၍ မေ ၃ ရက် တနင်္လာနေ့ (၁၃၆၆ ခုနှစ် ကဆုန်လပြည့်နေ့) နံနက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ၍ နံနက် ၉ နာရီခွဲတွင် အလှူဒါန အစုစုအတွက် ရေစက်သွန်းချ တရားတော် နာယူကြပြီး ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြောင်းမြခရိုင်အတွင်းရှိ အငှားဂရန်အင်းများ လေလံတင်ရောင်းချပွဲအခမ်းအနားကျင်းပ

မြောင်းမြ ဧပြီ ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ ခုနှစ် အတွက် ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်းရှိ အငှားဂရန်အင်းများ လေလံတင် ရောင်းချပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမတွင် ကျင်းပရာ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်း၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းမြင့်မောင်၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းလွင်နှင့် ခရိုင် အင်းလေလံကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးမှူးများ၊ ခရိုင်အတွင်း မြို့နယ်များမှ အင်းလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းမြင့်မောင်က လေလံတင်ရောင်းချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** မြောင်းမြခရိုင်အတွင်းရှိအငှားဂရန်အင်းများကိုလေလံတင်ရောင်းချပေးကြသည်။ **(က-ပ)**

ရင်ခေါင်းနှင့် တီဘီဝေဒနာရှင်များ ပဲခူး၌ ကွင်းဆင်းကုသ

ပဲခူး ဧပြီ ၂၆

မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရင်ခေါင်းဆေးပညာဌာန ပါမောက္ခ ဒေါက်တာတင်မောင်ချိုနှင့် တီဘီအဖွဲ့ ဒုတိယဥက္ကဋ္ဌ စိမ်းချက်မန်နေဂျာ ဒုတိယ ညွှန်ကြားရေးမှူး(တီဘီ)ဒေါက်တာဦးဝင်းမောင် ခေါင်းဆောင်သောအဖွဲ့က တီဘီနှင့် ရင်ခေါင်းရောဂါဝေဒနာရှင်များအား မေ ၂၅ ရက် နံနက်က ပဲခူးမြို့နယ် ဆရာဝန်များအသင်းခန်းမတွင် ကွင်းဆင်းကုသပေးကြသည်။

အဆိုပါအဖွဲ့တွင် လ/ထ ညွှန်ကြားရေးမှူး(တီဘီ) ဒေါက်တာ ဘိုမြင့်၊ လ/ထညွှန်ကြားရေးမှူး(တီဘီ)ဒေါက်တာ သန္တာဗွန်းနှင့် ပဲခူးတိုင်း တိုင်းတီဘီဆရာဝန်ကြီး ဒေါက်တာ သင်းသင်းရီတို့ ပါဝင်ပြီး လူနာတစ်ဦးချင်းစီကို ကြည့်ရှုစစ်ဆေး ကုသပေးကြသည်။

အဆိုပါအဖွဲ့အား Lupin Co., Ltd က ပါဝင် ကူညီပံ့ပိုးပေးကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၂၃ ရက် အင်္ဂပူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ် ပေးလျက်ရှိရာ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက အမှတ်(၁)ရပ်ကွက်ဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (၁၃၁)

ပန်နယ်ဆိုနစ် ဖြန့်ချိရေးမိတ်ဆက်

ရန်ကုန် ဧပြီ ၂၈

Matsushita Electric Industrial Co., Ltd. နှင့် Pyae Soan Win Naing Co., Ltd. တို့က ကြီးမှူးကျင်းပသော Panasonic လေအေးပေးစက်မော်ဒယ်များ ပြည်တွင်းဖြန့်ချိရေးကုမ္ပဏီ အသစ်မိတ်ဆက်ပွဲ အခမ်းအနားကို Grand Plaza Park Royal Hotel ၌ ဧပြီ ၂၅ ရက်က ကျင်းပသည်။ **(အောက်ပုံ)** အခမ်းအနားတွင် Mr. Wong Kee Mun (Senior Executive) Asia Sale Department, Sales &Marketing Section က အဖွင့်မိန့်ခွန်း ပြောကြားပြီး ပြည့်စုံဝင်းနိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးဝင်းနိုင်က တက်ရောက် ကျေးဇူးတင်စကား ပြောကြားသည်။

<u>ကျင်းပသွားမည်</u>

လေအေးပေးစက်များ အရောင်းမြှင့်တင်ရေးကာလကို ဧပြီ ၂၅ ရက်မှ ဇွန်လအထိ ကျင်းပသွားမည်ဖြစ်ပြီး Panasonic O_2 Shower လေအေးပေးစက်၏ ထူးခြားချက်မှာ အခန်းတွင်း လိုအပ်သော အောက်စီဂျင်ပြည့်ဝမှုပမာဏ ၂၁ရာခိုင်နှုန်းထက် မနည်းရှိနေစေပြီး သက်သောင့်သက်သာ အေးမြလန်းဆန်းမှုကို ဖြစ်စေကြောင်း သိရသည်။ **(က-ပ)**

ပျိုးပင်များရေလောင်း ပေါင်းရှင်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်

ဓနုဖြူ ဧပြီ ၂၄

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဓနုဖြူမြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ဦးဆောင်ကြီးကြပ်၍ ပန်းအလှပင်များနှင့်အရိပ်ရပင်များကို မိုးရာသီအမီ စိုက်ပျိုးနိုင်ရန် ဧပြီ ၁၈ ရက်က လွတ်လပ်ရေးပန်းခြံရှိ ပျိုးဥယျာဉ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ပျိုးပင်များကို ရေလောင်းပေးခြင်းနှင့် မြက်ပင် ပေါင်းရှင်းခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ **(ဝ၈၅)**

သနပ်ပင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပထမအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပ

သနပ်ပင် ဧပြီ ၂၄

သနပ်ပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအသင်းများ ပူးပေါင်းပြီး ပထမအကြိမ်မြောက်သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ကြူကြူဆွေက ပူဇော်ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အသင်းနာယကနှင့်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။အခမ်းအနားတွင် အဘိုးအဘွားများအား နာယကဒေါ်မိမိခင်၊ဥက္ကဋ္ဌ ဒေါ်ကြူးနှင့် အမှုဆောင်များက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက်ဦးအောင်ဒင်က ဩဝါဒစကား ပြန်လည်ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်ဖွံ့ဖြိုးရေး အုတ်ခုံတံတားသစ်ဖွင့်

လက်ပံတန်း ဧပြီ ၂၆

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မဟာဗျူဟာကြားလမ်းနှင့် ဆက်သွယ်သော ဗောဓိပင်-ချောင်းဆုံတော်ကလပ်-ရေလျှံကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွင့်ပြုငွေနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေတို့ ပူးပေါင်း၍ အုတ်ခုံခံသစ်သားတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက်က ကျင်းပသည်။

အဆိုပါတံတားဖွင့်ပွဲသို့ ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (အနောက်ပိုင်း)တွဲဖက် တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးတို့က တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

အဆိုပါတံတားကြောင့် ဒေသခံပြည်သူများ လက်ပံတန်းမြို့သို့ အချိန်တိုအတွင်း ရာသီမရွေး သွားလာနိုင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် သင်္ဂဟလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က လမ်းသစ်မုခ်ဝရှေ့တွင် ကျင်းပရာ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၆၈)

မြန်မာ့အသံ

၃၀-၄-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် တမာပင်)
၁၂း၃၀ ဇာတ်လမ်းပမာ (ယောက်ျားဗျ ယောက်ျား)
၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ဆေးဖြစ်တဲ့အစာ)
၁၇း၃၀ အဘိုးအဘွားအလေးထား (သန်လျင်မြို့မှ ဘွားသက်ရှည် ဘွားဒေါ်ချစ်မယ်နှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီဆက်သွယ်ရေး လုပ်ငန်းများအကြောင်း- မောင်ဆုရှင်)
၂၀း၃၀ ၂၀၀၄ ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



အမှတ်(၁)အလက၊ မြို့မကျောင်း၊ပုသိမ်မြို့
ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ

ကျောင်းစတင်ဖွင့်လှစ်သည်မှ ၁၉၈၅ ခုနှစ်ကုန်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၏ အနန္တ ကျေးဇူးဂုဏ်ကို ဦးထိပ်ပန်ဆင်လျက် တပည့်ကျောင်းသား/သူဟောင်းများမှ အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးရှိ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး အောက်ပါအစီအစဉ်များ အတိုင်း မပျက်မကွက်တက်ရောက်ချီးမြှင့်ပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားနိုးဆော်အပ်ပါသည်။

အစီအစဉ်

နေ့ရက်နှင့်အချိန် – ၁-၅-၂၀၀၄ (စနေနေ့)ညနေ ၆ နာရီ ဆရာကြီး၊ ဆရာမကြီးများမိတ်ဆုံစားပွဲ
၂-၅-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၉ နာရီ အာစရိပူဇော်ပွဲ
ညနေ ၅ နာရီကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲ

နေရာ–အမှတ်(၁)အလက မြို့မကျောင်း(အားကစားခန်းမ)ပုသိမ်မြို့၊

မှတ်ချက်။ ။ရန်ကုန်မြို့ရှိ ဆရာ၊ ဆရာမကြီးများမှာ အောင်ဆန်းကွင်း မြောက်ဘက် City Mark ရှေ့ စုရပ်သို့ ၁-၅-၂၀၀၄ ရက် မွန်းတည့် ၁၂နာရီအရောက် မိမိအစီအစဉ်ဖြင့် ကြွရောက်ပါရန်။

အသေးစိတ်စုံစမ်းရန်။ ။ဦးကြည်လင်း–ဖုန်း ၉၅-၁-၂၄၂၆၅၂၊ ၂၈၉၁၈၀၊ ၇၀၀၉၇၃ ရန်ကုန်။ ဒေါ်ခင်စောမြင့်–ဖုန်း ၀၄၂-၂၁၂၅၇၊ အလက–၁၊ ပုသိမ်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်–ပုသိမ်)

ချော်ရည်ချိုစုံနှင့် JAM၊ ဆော့စ်၊ ချယ်လီ၊ ဆို ... 01-662129, 690264

Ruby ☎ 720017, 650823

အများပြည်သူသိရှိစေရန် ကြေညာချက်

ကွယ်လွန်သူ အမွေရှင် ဒေါ်သန်းရီကျန်ရစ်သော

၁။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃ ဘီ၁၊ မြေကွက်အမှတ်–၄၃၈W၃၊ ဘိုးဘွားပိုင်မြေဧရိယာ ၀.၂၇၇၊ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၃/က၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော တစ်ထပ်တိုက်။

၂။ ရန်ကုန်မြို့၊ တာမွေတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃ဘီ၁၊ မြေကွက်အမှတ်–၄၃၈ W၁နှင့် W၂၊ဘိုးဘွားပိုင်မြေဧရိယာ ၀.၃၁၆ ဧကရှိ မြေကွက်အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းသည် မခွဲဝေရသေးသော အမွေပုံပစ္စည်းများအဖြစ် ကျန်ရစ်သဖြင့် ဦးဘိုဘိုဦးပါ၊ ကိုးဦးတို့က တရားလိုများပြုလုပ်၍ ဦးဘစိန်ပါ(၉)တို့ကို တရားပြိုင်များအဖြစ်ထားကာ **"လိမ်လည်ရယူထားသော ဒီကရီဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပြီး ဒီကရီပယ်ဖျက်ပေးစေလိုမှုနှင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု"**တစ်ရပ်ကို ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး (၉)ရုံးတော်တွင် တရားမကြီးမှုအမှတ် ၁၀၅၆/၂၀၀၃ ဖြင့်စွဲဆိုထားပါသည်။

တရားလိုများဖြစ်ကြသော ဦးဘိုဘိုဦးပါ ကိုးဦးတို့မှ အထက်တွင် ဖော်ပြထားသော အမှတ်စဉ်(၁)နှင့်(၂)ပါ မြေကွက်နှင့် အဆောက်အအုံတို့ကို အမှုစစ်ဆေးနေစဉ်အတွင်း တရားမကျင့်ထုံး ဥပဒေအမိန့်–၃၉၊ နည်း(၁)အရ ယာယီတားဝရမ်းထုတ်ပေးရန် လျှောက်ထားခဲ့သဖြင့် ရုံးတော်မှ တရားပြိုင်အမှတ် (၁) ဦးဘစိန်နှင့် (၇)ဒေါ်ခင်ခင်ညွန့်တို့သည် ရုံးတော်မှ နောက်ထပ်တစ်စုံတစ်ရာ အမိန့်မထုတ်မီအတွင်း အထက်ဖော်ပြပါပစ္စည်းများကို ထုခွဲရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်း စီမံခန့်ခွဲခြင်းမပြုစေရန် တားမြစ်လိုက်ကြောင်း၊ ၇-၄-၂၀၀၄ရက်တွင် အမိန့်ချမှတ်ခဲ့ပြီး ၈-၄-၂၀၀၄ရက်တွင် ထိုပစ္စည်းများတည်ရာဒေသ၌ ယာယီတားဝရမ်းအမိန့်အား အတည်ပြုကပ်ထားပြီးဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

တရားလိုများဖြစ်ကြသော (၁)ဦးဘိုဘိုဦး (၂) ဦးဆန်နီဦး၊ (၃)ဒေါ်ဖြူဖြူဦး (၄)ဒေါ်အေးအေးဦး (၅) ဒေါ်မာလွင်ဦး (၆)ဦးအောင်သက်ခိုင် (၇) ဒေါ်မြတ်ရည်မွန်(၈) ဦးအောင်စိုးပိုင် (၉)ဦးအောင်ဖုန်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးသောင်းထွန်း(တရားရုံးချုပ်ရှေ့နေ အမှတ်စဉ်–၃၂၁၃)
အမှတ်၁၇၄၊ အပေါ်ထပ်၊ ၄၉လမ်း၊ ၁၀ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၀၁–၂၉၁၀၉၈၊ ၀၁–၂၀၄၁၄၁၊ ၀၉ ၅၀ ၁၂၉၂၄

လုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်ရန်

Hepta digital art
အလုပ်ဝင်သင်တန်း အပတ်စဉ်(၄)

ဝန်ထမ်းအမြန်အလိုရှိသည်

1) Travel Service Specialist. must be very fluent in English. Fluency in German/French/Spanish/Italian is a plus. At least 2 years experience in Tourism Services. Knowledge of Internet & Email a must. - very attractive salary
2) Marketing Executive
3) Sales Promoter
4) Driver

ယုဇနဥယျာဉ်မြို့တော်
(စစ်တောင်းအိမ်ရာ)တွင်
တိုက်ခန်းများ
ရောင်း၊ဝယ်၊ငှားရမ်းလိုပါသည်။
ဖုန်း–၅၉၃၁၁၆

အမည်ပြောင်း

ဦးတင့်ဆွေ CHU –၀၅၄၁၄၅– ဒေါ်အုံးရီ MYGN–၀၀၃၈၅၂ တို့၏သား အမက(၉) မရမ်းကုန်း၊ စတုတ္ထတန်း(ခ)မှ မောင်ထက်ဝေဖြိုးအား မောင်ရန်ပိုင်ဦးဟုလည်းကောင်း၊ သမီး မခိုင်သဥ္ဇာအား မသုနန္ဒာစိုးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ရန်ပိုင်ဦး
မသုနန္ဒာစိုး။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သမီးဖြစ်သူ မခင်ခင်မင်း ၈/စလန(နိုင်) ၀၀၀၀၉၇ သည် မိဘ၏ဆိုဆုံးမစကားနားမထောင်ဘဲ မိမိဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူပါ။

မိဘများ–
ဦးဝင်းကြည် ၈/စလန(နိုင်)၀၀၃၀၈၂၊
ဒေါ်ခင်ထွန်းဦး ၈/စလန (နိုင်)၀၀၃၀၈၃

ရဟန်း၊ကျောင်းဒါယကာကြီး
ဒေါက်တာဝင်းနိုင်ထွန်း
TMO(2) (ငြိမ်း)
ပဲခူးဇီဝိတဒါနသံဃာ့ဆေးကုခန်း တာဝန်ခံဆရာဝန်
အသက်(၅၄)နှစ်

ပဲခူးမြို့၊ရွှေမော်ဓောဘုရားလမ်း၊အမှတ် ၃၁၁နေဦးအေးမြင့်၊တိုင်းလျှပ်စစ်(ငြိမ်း)– ဒေါ်ချိုချို၂တို့၏သားကြီး၊ ဒေါက်တာသိန်းမြင့်–ဒေါက်တာခင်စန်းဝင်း(မော်လမြိုင်)၊ ဒေါက်တာကျော်မြင့်–နော်သွယ်သွယ်သင်း (အောင်ဇေ ဆေးကုခန်း)၊ ဒေါက်တာမောင်မောင်မြင့်–ဒေါ်ခင်ဝတ်ရည်(မြင့်မြတ်ဆေးကုခန်း)၊ ဒေါ်သီတာမြင့် (အလပြ၊ မြို့အနောက်–ခ)တို့၏ အစ်ကိုကြီး၊ ခင်ပိုတောက်ဝါ၊ မောင်ငြိမ်းချမ်းဝင်း၊ မောင်ဧချမ်းဝင်း၊ မောင်ရဲကျော်ဦး၊ မောင်အောင်ပိုင်ဟိန်း၊ မအဥ္ဇလီသော်၊ မောင်ကောင်းမြတ်မောင်မောင်မြင့်၊ မောင်ဇောတိကမောင်မောင်မြင့်တို့၏ဘကြီးသည် ၂၅-၄-၂၀၀၄ ရက်(တနင်္ဂနွေနေ့)ညနေ ၄း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၀၄ ရက် (တနင်္လာနေ့)တွင် ပဲခူးမြို့ ဖောင်တော်ဦးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

အလက(၂)ဒဂုံ အဋ္ဌမတန်း(ခ)မှ မောင်ဇိုင်သျှမ်းဦးကို မောင်ထက်လျှံ၊ အမက(၈) သဃ်န်းကျွန်း စတုတ္ထတန်း(ခ)မှ မောင်အာကာဦးကို မောင်ဟိန်းသုခအောင်ဟု ပြောင်းလဲခေါ်ပါရန်။

(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၃၆၅၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူလျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ရန်။ **ကညန၊ပြည်နယ်ရုံး(လားရှိုး)**

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းဖေ (မုံရွာဝင်းဖေ)
စာတည်းမှူးချုပ်(ငြိမ်း)၊ စာပေဗိမာန်
အသက်(၆၀)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲတွင် ၁၉၉၈ ခုနှစ်မှစ၍ ကဗျာအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးဝင်းဖေ (မုံရွာဝင်းဖေ)သည် ၂၂-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့။

ဦးသန်းရည် (ကြံခင်းမြို့)
ဥက္ကဋ္ဌ
(ခြသေ့်မင်းမော်တော်ယာဉ်ယယ်အသင်းလိုင်း)
လားရှိုးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးအဖွဲ့ဝင်
အသက် (၆၂)နှစ်

လားရှိုးမြို့၊ ရပ်ကွက် (၉)နယ်မြေ ၁၀ သဲအင်းဂူလမ်း၊ အိမ်အမှတ် (၅)နေ ဒေါ်ထွေထွေမြင့်(စိုးမိုးကျော်နှင့်ဝိုင်းဝိုင်းလည် ထီဆိုင်)၏ ခင်ပွန်း၊ မခင်ပပရည်၊ မအေးသီရိရည် တို့၏ဖခင်၊ မိတ္ထီလာမြို့နေ ဒေါ်တင်တင်ဌေး (ရတနာစတိုး)၊ ကိုအောင်ကျော်–မစန်းစန်းဌေး (အနန္တဂုဏ်ရည်ရောင်းဝယ်ရေး)၊ ကိုမင်းဆွေ–မငယ်လေး၊ ကိုစိုးမိုး–မအေးအေးမာ၊ ကိုစိုးနိုင်–မစုစုတင်၊ ကိုကျော်သူနိုင်၊ မဥမ္မာညွန့်(ဆည်မြောင်း)တို့၏ ဦးလေး မြေးကိုးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၀၄ ညနေ၄း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၄-၄-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဦးကိုကိုဇော်-ဒေါ်သိန်းလှ
တို့၏သားကြီး
ဗိုလ်ကြီးဖြိုးဝေဇော်
(B.Sc, D.S.A) တပ်မတော်(လေ)
နှင့်
ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နေ ဦးအေးလွင်ခိုင်-ဒေါ်စိန်မြင့်
တို့၏သမီးကြီး
မသူဇာယဉ်
Final Year (Physics)

တို့သည် ၁၁-၄-၂၀၀၄ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဖြိုးဝေဇော်-မသူဇာယဉ်။

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးကျော်တင့်(၂) အကောက်ခွန်ဦးစီးဌာနနှင့် မေမေ ဒေါ်သိန်းတင့်တို့၏ ၂၉-၄-၂၀၀၄ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို မိသားစုနှင့်အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလျက်-

ချစ်သားသမီးများ-

သန္တာကျော် B.A (English), 1[st] Year (English) UFL
ထွန်းလင်းကျော် (Final Year Chemistry) DSA
ကျော်ဝင်းထွဋ် (IX)တန်း အထက(၃)ဗိုလ်တထောင်

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဦးအောင်ထွန်း ၁၀/သဖရ (နိုင်) ၀၀၂၃၈၇နှင့် ဒေါ်လှကြည် ၁၀/သဖရ(နိုင်) ၀၀၂၃၈၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ သံဖြူဇရပ်မြို့နယ် အုပ်စုအတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်ုပ်၏အမှုသည် ဦးအောင်ထွန်းနှင့် ဒေါ်လှကြည်တို့၏ မိခင်အရင်းဖြစ်သူ ဒေါ်ငွေကုန် (ကွယ်လွန်)တစ်ဦးတည်းကသာ လွတ်လပ်စွာ ပိုင်ဆိုင်ခဲ့သော ပစ္စည်းများဖြစ်ပါသည်။

အဆိုပါ ပစ္စည်းများကို ပိုင်ဆိုင်သော ဦးကျုံးနှင့်ဒေါ်ငွေကုန်တွင် သားသမီးအရင်းအချာများအဖြစ် ဦးအောင်ထွန်း၊ ဦးတင်မွန်၊ ဒေါ်လှကြည်၊ ဦးကျော်ထွန်းတို့ ကျန်ရှိခဲ့ပါသည်။ ဦးကျုံးမှာ လွန်ခဲ့သော ၁၉၇၈ ခုနှစ်က ကွယ်လွန်ခဲ့ပြီး၊ ဒေါ်ငွေကုန်မှ ၃၁-၁၂-၂၀၀၃ ရက်နေ့က ကွယ်လွန်ခဲ့ပြီဖြစ်၍ ဒေါ်ငွေကုန် ပိုင်ဆိုင်သော ပစ္စည်းများကို ကျန်ရစ်သူသား/သမီးများမှ ဥပဒေအရ ခွဲဝေခံစားကြရမည်ဖြစ်သည်။ ဒေါ်ငွေကုန်မှာ ၎င်းပိုင် ပစ္စည်းများကို မည်သည့် သားသမီးတစ်ဦးတစ်ယောက်နှင့် အခြားလူတို့ကို ပေးကမ်း၊ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးအပ်လှူဒါန်းခြင်းတို့ကို တရားဝင်ပြုလုပ်ထားခဲ့ခြင်းမရှိပါ။ အဆိုပါပစ္စည်းများကို ကျန်ရစ်သူ သားသမီးလေးဦးစလုံးမှ သဘောမတူဘဲ ပေးကမ်း၊ ရောင်းချ၊ ပေါင်းနှံ၊ လွှဲပြောင်း၊ လှူဒါန်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အိမ်ကိုပြုပြင်ဖြိုဖျက်ခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ဤကိစ္စကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် အနှောင့်အယှက်ပြုလိုသော သဘောဖြင့် အကိုးအကားမဲ့ ကန့်ကွက်ဟန့်တားပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပစ္စည်းစာရင်း

၁။ သံဖြူဇရပ်မြို့၊ ကျောင်းပိုင်းရပ်ကွက်၊ ကွင်းအမှတ် (၁၅-ခ) ဦးပိုင်အမှတ် ၁၃၊ ဧရိယာ ၀.၀၉၆ဧက၊ ဒေါ်ငွေကုန်အမည်ပေါက်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်တစ်လုံး။
၂။ သံဖြူဇရပ်မြို့နယ်၊ ဝယ်ကဝါကျေးရွာအုပ်စု၊ ကွင်းအမှတ် ၉၃၁/က၊ မိန်ဗလာတောင်ကွင်း၊ ဦးပိုင်အမှတ် ၄၆ဧရိယာ ၀.၂၈ဧက၊ ဦးကျုံး ဒေါ်ငွေကုန် အမည်ပေါက်ခြံမြေတစ်ကွက်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်အေးအေးတင့် (အယ်လ်အယ်လ်ဘီ) စဉ်-၅၂၄၀**
ဘုရင့်နောင်လမ်း၊ကျုံကဒတ်ရွာ၊ သံဖြူဇရပ်မြို့နယ်

ငွေရတု နှစ်ပတ်လည် မင်္ဂလာဆုတောင်း

ပါပါ ဦးစောသိန်း(ဒုတိယမြို့နယ်မှူး အကောက်ခွန်ဦးစီးဌာန မောင်တောမြို့)နှင့် မေမေ ဒေါ်သန္တာညိုတို့၏ ၂၉-၄-၂၀၀၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ချစ်သားသမီးများနှင့်အတူ ကြည်နူးချမ်းမြေ့ဖွယ်ရာ မိသားစုဘဝကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေ။

သမီးကြီး - **မြတ်အေးစော(YTU)**
သမီးလတ် - **သင်းသင်းစော(YIE)**
သားချေ - **ထွန်းဝင်း အထက(၂)တာမွေ**

လေလံကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တွင် အသုံးမလိုသော အောက်ပါ ရေယာဉ်များကို ရန်ကုန်မြို့တွင် လေလံတင်ရောင်းချပါမည်။

စဉ်	ရေယာဉ်အမျိုးအစား	အတိုင်းအတာ(ပေ)	အင်ဂျင်	မြင်းကောင်ရေ	ထားရှိနေရာ
၁။	မော်တော်ခိုလှေ	၆၈ x၁၆ x၅	ဟီးနိုး	၈၀	ဘုရင့်နောင်ဖို့င်အနီးသမ္ဘန်ဆိပ်
၂။	နွားမော်တော်ခိုလှေ	၆၄ x၁၈ x၆	ဟီးနိုး	၁၁၀	ဘုရင့်နောင်ဖို့င်အနီးသမ္ဘန်ဆိပ်
၃။	ငါးဖမ်းလှေ	၇၀ x၁၆ x၆	ဟီးနိုး	၃၆၀	သစ်တောဖို့င်
၄။	မော်တော်ခိုလှေ	၆၄ x၁၈ x၉	ဟီးနိုး	၂၈၀	သစ်တောဖို့င်
၅။	မော်တော်ခိုလှေ	၉၀ x၂၂ x၉	ဟီးနိုး	၂၈၀	ဘုရင့်နောင်ဖို့င်
၆။	ငါးဖမ်းလှေ	၇၁.၇ x၂၀.၈x၉	ကမ်းမင်း	၅၅၀	ဂျောင်ဝိုင်း
၇။	ငါးမျှားတန်းလှေ	၄၃ x၇.၆ x၂	မစ်ဆူဘီရှိ	၈၅	ငွေပင်လယ်ဖို့င် (အရှေ့ဝေါတံတားရှေ့)
၈။	သစ်မော်တော်ခိုလှေ	၅၆ x ၁၄ x၃	ဂျန်မီယာ	၁၀	RCTတံတား (သာကေတ တံတားအနီး)
၉။	မော်တော်ခိုလှေ	၆၅ x'၁၄ x'၄.၅	ဟီးနိုး	၂၈၀	စက်မြေဆိပ်ကမ်း
၁၀။	ငါးဖမ်းလှေ	၇၅x၂၁ x၁၁	ကမ်းမင်း	၄၅၀	ဘုရင့်နောင်ဖို့င်
၁၁။	ငါးဖမ်းလှေ	၇၇x၂၂ x၉	ကမ်းမင်း	၄၅၀	ဘုရင့်နောင်ဖို့င်
၁၂။	ငါးဖမ်းလှေ	၇၀x၂၀ x၇	ကမ်းမင်း	၄၅၀	မော်စက်
၁၃။	ငါးဖမ်းလှေ	၆၄x၂၀ x၉	ကမ်းမင်း	၄၅၀	မော်စက်
၁၄။	ငါးဖမ်းလှေ	၈၄x၂၀ x၇	ကမ်းမင်း	၅၀၀	ဘုရင့်နောင်ဖို့င်
၁၅။	ငါးဖမ်းလှေ	၈၀x၂၀ x၇	ကမ်းမင်း	၄၅၀	ငွေပင်လယ်ဖို့င် (အရှေ့ဝေါဖောတံတားရှေ့)
၁၆။	ငါးမျှားတန်းလှေ	၄၈.၄x၉ x၅	ဟီးနိုး	၂၅၀	ဘုရင့်နောင်ဖို့င်

၂။ အထက်ပါရေယာဉ်များကို အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။
(က) ရက်စွဲ/အချိန် ၃၀-၄-၂၀၀၄ သောကြာနေ့ ၀၉း၀၀နာရီ
(ခ) နေရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်ရုံး ၁၈၉/၁၉၁ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့
၃။ **လေလံစည်းကမ်း**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ယူလာရမည်။)
(ခ) ရေယာဉ်ကြီးတစ်စီးလျှင်စပေါ်ငွေ ၁၀သိန်း၊ ရေယာဉ်ငယ် တစ်စီးလျှင် စပေါ်ငွေ ငါးသိန်းတင်နိုင်ရမည်။
(ဂ) လေလံအောင်သည့်နေ့တွင် ကျသင့်ငွေ၏ တစ်ဝက် ကျန်ငွေကို ၁၄-၅-၂၀၀၄ရက်တွင် ပေးချေနိုင်ရမည်။ ငွေကျေမှ လှေထုတ်ပေးမည်။

လေလံတင်ရောင်းချရေးကော်မတီ။

ကျေးဇူးဆပ်ပါမည်

၂၀-၄-၂၀၀၄ရက်တွင်ကျွန်တော်၏ CDC-အမှတ် ၂၀၈၄၅ 4-Ticket မှာ ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ကိုဝင်းနိုင်**
Ph; 229891

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်-ဒေါ်စန်းစန်းတို့၏ ညီ/မောင် ဦးမျိုးညွန့် အသက်(၅၆)နှစ်သည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားမိပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊
ဝန်ထမ်းမိသားစုများ၊
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်-ဒေါ်စန်းစန်းတို့၏ ညီ/မောင် ဦးမျိုးညွန့် အသက်(၅၆)နှစ်သည် ၂၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားမိပါကြောင်း။ **ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ဝန်ထမ်းမိသားစုများ၊**
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း။

လေးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မြို့မဆင်ဖြူတော်၏ကျေးဇူးရှင်ဖခင်ကြီး
ဦးအောင်ကျော်

မိသားစုအပေါ် မေတ္တာတရားကြီးမားလှစွာသော ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂၉-၄-၂၀၀၄ ရက်တွင် လေးနှစ်ပြည့်ပြီ ဖြစ်သော်လည်း နမောတသမဆုံးပါ၊ ဖခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ဇနီးဒေါ်တင်မေနှင့်သားသမီးမြေးမြစ်တစ်စု။**

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်မြင့်မြင့်မွေး (BSN/W-219116)ပိုင်ဆိုင်သော တိုက်(၁၂၉) အခန်း(၃၀၂)နှင့် တိုက် (၅၇၈/၅၈၀) အခန်း(၄၀၃) ဟံသာရိပ်မွန် အိမ်ရာ ငွေသွင်းချလန်မူရင်းနှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဒေါ်မြင့်မြင့်မွေး
တိုက်(၁၀၆) အခန်း(၂၀၁)
၁၉လမ်း(အပေါ်)လသာ

ဝမ်းနည်းကြေကွဲ ခြင်း

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ မင်းလမ်းနေ ဒေါ်လွမ်းကြည်၏ခင်ပွန်းဖြစ်သူ ဦးဝေလင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်း) သမဝါယမဦးစီးဌာနသည် ၂၄-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။ **ဒုတိယညွှန်ကြားရေးမှူးနှင့်**
တနင်္သာရီတိုင်းသမဝါယမမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မြန်မာနိုင်ငံကူးလက်မှတ် (၄၄၅၇၆၇)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။
ကျော်ဆန်းဝင်း(၅၄၁၂၅၀)

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်သန့်ဇင်ကျော် ၆/ထဝန(နိုင်) ၀၈၃၄၉၈ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာယူဘဲ မိမိသဘောအလျောက်ပြုမှုသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးကျော်ကျော်
၆/ရဖန(နိုင်)၀၀၄၁၆၅
မိခင်-ဒေါ်မိမိလေး
၆/ရဖန(နိုင်)၀၀၄၁၆၇

ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းခမ်းယုံ (လှိုင်လင်) အသက်(၉၂)နှစ်

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အောင်မာဃလမ်း အမှတ် ၆ နေ (ဦးဘိုးတင်)၏ဇနီး ဦးစိုင်းစိုးညွန့်-ဒေါ်ကေသီ(ဗိုလ်မှူးလှမြင့်)-ဒေါ်နန်းတင်ညွန့်၊ တောင်ကြီးမြို့နေ ဦးစိုင်းသောင်းညွန့်-ဒေါ်သောင်းသောင်း၊ ဦးမြဝင်း-ဒေါ်နန်းချယ်တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၄-၄-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် သန်လျင် ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

အလှူရှင်မြတ်အမိန့်ခံယူခြင်း
ဒေါ်မြမြဝင်း(ခ) ရဖီယာဘီ
B.Sc. (Maths) D.A. (II)
စာရင်းစစ်မှူး(ငြိမ်း)
ဒဂုံတောင်မြို့နယ်စာရင်းရုံး
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်၊ B/၁၂လမ်း၊ တိုက်အမှတ်၂၄(အပေါ်ထပ်)နေ(ဦးသိန်းအောင်-ဒေါ်မမလေး)တို့၏ သမီး၊ (ဦးတင်အေး၊ အောင်ဆန်းအဆုတ်ဆေးရုံ)-ဒေါ်မြရီ၊ ဦးဖေသန်း (တရားရုံးချုပ်ရှေ့နေ)-ဒေါ်ရီ(စာရင်းစစ်မှူးငြိမ်း) တို့၏ညီမ၊ ဦးစိုးအောင်(ရေနံ-ဓနိတော)-ဒေါ်ရီရီဝင်း (ဗိုလ်တထောင် ဒေသန္တရကျန်းမာရေးဌာန)တို့၏ အစ်မ၊ ဦးခင်မောင်ကြည်-ဒေါ်ဝင်း၊ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)-ဒေါ်ဝင်းဝင်းစိန်၊ (ကိုခင်မောင်အေး Y.C.D.C)၊ ဒေါ်ခင်သီတာဝင်း(Traders Hotel)၊ မောင်အောင်စိုးဝင်း(ထ-၆၊ ဗိုလ်တထောင်)တို့၏ အဒေါ်၊ မြေး ခြောက်ယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၀၄ရက် နံနက် ၁၁း၅၀နာရီတွင် မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)မှုဆလင်ဆေးရုံကြီး၌ အလှူရှင်မြတ် အမိန့်ခံယူသွားပါသဖြင့် ၎င်းနေ့ ညနေ ၃ နာရီတွင် ရေဝေးစွန်နီကဘာရ်စတန်တွင် ဒါဖနာ ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးတင်ဝင်း (၂၀)
ကပ-၇၃၈၉
ဒုလက်ထောက်အကောက်ခွန်မှူး
နစရ(၂)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၂၅၊ မြလမ်းနေ ဦးမှတ်-ဒေါ်အုန်းကြည်တို့၏ သား၊ ဦးထွန်းရ-ဒေါ်ညွန့်တင်တို့၏ သားသမက်၊ မချိုချို၏ခင်ပွန်း၊ ဦးအောင်ကြီး-ဒေါ်စန်းစန်းဦး၊ ဦးသန်းဌေး၊ ဦးမြင့်သိန်း၊ ဦးခင်မောင်သန်း-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကိုကြီး၊ မယဉ်မေဝင်း (အထက-၃၊တာမွေ)၊ မမြတ်သင်းခိုင် (အမက-၁၈၊ တာမွေ)တို့၏ဖခင်၊ မောင်ဇော်မင်းဦး၊ မောင်သန့်ဇင်ဦး၊ မယဉ်မင်းဦး၊ မောင်ဇော်လင်းနိုင်တို့၏ဘကြီးသည် ၂၅-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု။**

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်အမာ (ရွှေကျင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ အမှတ် (၁၀) သီရိရတနာလမ်းနေ (ဦးဘသိန်း-ဒေါ်သိန်းရွှေ)တို့၏ သမီး (ဦးအောင်မြတ်)၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီး အေးလွင် (ငြိမ်း)-ဒေါ်ဝင်းမြင့်တို့၏ အစ်မ၊ ဒေါက်တာယုယုလွင်၊ ဒေါ်ဖြူဖြူလွင်-ဦးသက်ခိုင်ရင်၊ ဗိုလ်မှူး သင်းလွင် (ငြိမ်း)-ဒေါ်ခင်ဆွေဝင်း၊ ဦးအောင်အောင်လွင်-ဒေါ်မြတ်မော်သင်းတို့၏ ကြီးကြီး၊ မသူဇာလွင်၊ မဖြိုးသီရိလွင်၊ မောင်သန့်ဦးလွင်တို့၏ ဘွားဘွားသည် ၂၆-၄-၂၀၀၄ (တနင်္လာနေ့)ညနေ၄နာရီတွင် ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း EMPA(2nd batch)မှ မနန်းရော်၏မိခင် ဒေါက်တာ အမ်ဆိုင်းတောင်သည် ၂၂-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခချုပ်၊ ဌာနမှူး၊ ဆရာ/ဆရာမများ**
သင်တန်းသား/သင်တန်းသူများ။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဟာဂျီမဒေါ်မြမြရီ(ခ)
ဟာဂျီမဒေါ်ချိုတီ

ကျေးဇူးရှင်အစ်မကြီး ဟာဂျီမဒေါ်မြမြရီ (ခ) ဟာဂျီမဒေါ်ချိုတီ အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားသည်မှာ ၂၉-၄-၂၀၀၄ ရက်တွင် တစ်နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း ယနေ့တိုင် တစ်နေ့မှ မေ့မရနိုင်ပါ။

ကျန်ရစ်သူ
ချစ်ညီမ ကြည်ကြည်လှ။

ဦးသိန်းမောင်
(ယဇ်မျိုးအုပ်)(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အထက်ရပ်ကွက် ရွှေဘိုလမ်းအမှတ် (၁၂)နေ (ဦးဘငြိမ်း-ဒေါ်ထွားရှင်)တို့၏ သား (ဦးလှသိန်း-ဒေါ်အုန်းမြိုင်)တို့၏ သားသမက် (ဒေါ်ခင်မြ)၏ ခင်ပွန်း ဒေါ်လှကြည်၊ ဒေါ်အေးမြင့်ကြည်(အလက(၁)တာမွေ)၊ ဦးဇော်ဝင်း၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သုနန္ဒီ၊ (ဦးအေးသွင်)၊ဒေါ်မြင့်မြင့်စိန်(ကျော်နည်းပြ)၊ (ဦးထွန်းနိုင်)-ဒေါ်ခိုင်ခိုင်အောင်တို့၏ ဖခင်၊ ကိုသီဟဇော်-မသန်းသန်းအေး၊ ကိုကျော်ထင်ဇော်-မသင်းသင်းစိန်၊ မခိုင်သဥ္ဇာထွန်း (အထက ၄ တာမွေ)တို့၏ အဘိုး၊ မောင်မင်းသော်ထိုက်၏ အဘိုးသည် ၂၆-၄-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ဆေးတက္ကသိုလ်(၂)သို့ ပို့ဆောင်လှူဒါန်း ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။



အများသိစေရန်ကြေညာချက်

၂-၄-၂၀၀၄ရက်နေ့ ကြေးမုံသတင်းစာတွင် ထည့်သွင်းဖော်ပြသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်စာရင်းတွင် ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ် ယခင်ဒေါ်ဦးမယ်လမ်း၊ အမှတ် ၁၇၉(က)၊ ယခု ဘဏ္ဍာလမ်း၊ ၈၂/၄၉ ဟုခေါ်တွင်သော ဥပစာအားဖော်ပြခဲ့ရာ အဆိုပါဥပစာသည် ၁၈-၆-၇၇ ရက်နေ့တွင် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပိုင်ရှင် ဦးအောင်မြင့်၏လက်သို့ ကုန်သွယ်ရေးဌာနမှ ၁၉၆၃ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ ပြည်သူပိုင်ပြုလုပ်ခဲ့သော ပြည်သူပိုင်အဆောက်အအုံအဖြစ်မှ ပြန်လည်လွှဲပြောင်းပေးအပ်ပြီးဖြစ်၍ အဆိုပါ ဥပစာအားတရားဝင် အပြည့်အဝပိုင်သူမှာ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဈေးကြီးရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၈၂/၇၅ နေ ဦးအောင်မြင့် ၁၂/လကန(နိုင်)၁၃၂၂၇၇ သာလျှင်ဖြစ်ကြောင်းနှင့် ယခုအချိန်တွင် အဆိုပါဥပစာ၌ အဆောက်အအုံဆောက်လုပ်ခွင့်ကိုပင် လက်ရှိရရှိထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးအောင်မြင့်၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းလှိုင်(LL.B, HGP, CBL, DBL)
တရားရုံးချုပ်ရှေ့နေ
အမှတ်၂၆၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မင်း
ဦးစီးအရာရှိ၊ တိုင်းကျန်းမာ(မကွေး)

ချစ်သူငယ်ချင်း ယဉ်မွန်ချမ်းမြေ့ (YUFL ၊ ဂျပန်ဘာသာနောက်ဆုံးနှစ်)၏ ဖခင် ဦးအောင်မင်း (ဦးစီးအရာရှိ၊ တိုင်းကျန်းမာ) ကွယ်လွန်သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

YUFL မှ သူငယ်ချင်းများ မကျော့၊ မြသီတာ၊ သွယ်ဦး၊ စိမ့်စိုး၊ နဝါ၊ ရည်မွန်၊ နန်းနီ၊ သဇင်။

ဦးကျော်ငြိမ်း
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း ၆ လမ်း၊ အမှတ် ၁၇ နေ (ဦးကြည်မောင်)-ဒေါ်ခင်ညွန့်(ခ)မရှမ်းတို့၏သား၊ ဦးညို ထွန်း-ဒေါ်ခင်အုန်းမြင့် (မြန်မာ့နှစ်ရှည်ပင်)၊ ဦးမောင်မောင်ဦး၊ ဒေါ်ခင်မြဝင်း (နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး)တို့၏ ညီ/မောင်၊ ဦးသန်းအောင်စိန် (နိုင်ငံခြားဆောက်လုပ်ရေး)-ဒေါ်ခင်မြစိန် (ကမာရွတ်မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး)တို့၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(TTC)၊ လုံးလုံးပြည့်တို့၏ဘကြီးသည် ၂၇-၄-၂၀၀၄ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် ည ၅ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာ
ကိုကျော်သူဝင်း
CDC-25783 (A/B) Hanseatic Shipping Co., Ltd.
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အိမ်အမှတ် ၃၃၈ နေ ဦးမြဝင်း-ဒေါ်ကြည်ကြည်ဝင်း (လှယဉ်ယဉ် အထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏သားကြီး၊ ကိုကျော်သူ-မခိုင်မြရည်ဝင်း၊ ကိုအေးမောင်မောင်တို့၏အစ်ကိုသည် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁ နာရီတွင် ကျိုက္ကဆံစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမြင့် (ဒါးပိန်)
အသက်(၉၆)နှစ်

ဒါးပိန်မြို့ ဦးစံဖူး-ဒေါ်နှင်းသုန်တို့၏သမီး၊ ရန်ကုန်မြို့၊ ဆရာမောင်ဆေးတိုက်၊ သမားတော်ကြီး ဆရာမောင်-ဒေါ်မှန်တို့၏သမီးချွေးမ၊ ဦးသိန်းဖေ၏ဇနီး၊ ဒေါ်သန်းညွန့်၊ ဦးခင်မောင်၊ ဒေါ်ခင်မြတို့၏ညီမသည် ၂၇-၄-၂၀၀၄ ရက် ညနေ ၆း၃၀ နာရီတွင် အမှတ် ၃/ခ၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသွင်
အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်လတ်-ဒေါ်မမကြီး)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၄၅ နေ ဦးအုံးသွင်(ဗိုလ်မှူး-လျှပ်စစ်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးတင်မောင်သွင်(ယာယီ ဒု-စက်ရုံမှူး)-ဒေါ်စန္ဒာ (ဦးစီးအရာရှိ၊ မကွေးတိုင်းတရားရုံး)၊ ဦးကျော်စိုးသွင်-ဒေါ်စိုးစိုးသွင်၊ ဗိုလ်မှူးမင်းသူသွင်(တပ်မတော်-ရေ)-ဒေါ်စိုးစိုးသန်း၊ ဒေါ်မေမြတ်သွင်၊ ဦးသူရသွင်-ဒေါ်မီမီကို၊ ဦးသီဟသွင်တို့၏မိခင်၊ မခိုင်ဇာသွင်၊ မရည်မွန်မင်းခင်၊ ဖိုးသား၊ ဖိုးညီလေးတို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက် ည ၁၁ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာခင်မာဝေ(ခ) Rose Marie
Ph. D Biological Sciences
Animal Ecology (Japan)
အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ ဇီဝနည်းပညာမဟာဌာန

လေးစားကြည်ညိုရပါသော တီချယ်ကြီး ၂၇-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် အစားထိုးမရသောဆုံးရှုံးမှုအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တီချယ်ကြီး မြင့်မြတ်သောဘုံဘဝမှာ အေးချမ်းနိုင်ပါစေ။

ဇီဝနည်းပညာမဟာဌာနမိသားစု။

ချန်ဖွန်ကြည်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် ၂၀၈ နေ (ချင်ငုတ်ကွေး)၏ခင်ပွန်း၊ ဒေါ်လှလှရီ-ဦးညွန့်စိန်၊ အသဲနီး(ခ)ဦးလှထွန်း-မမြင့်မြင့်လှိုင်၊ အဖောင်(ကျော်ဝင်း)၊ အစိန်း(ခ)ဦးလှဝင်း-မအေးအေးသွယ်၊ မငုတ်ထွေး(ခ)မထွေးထွေး - ခင်မောင်ဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးချူဖတ်ချန်(ခ)
ဦးလောင်ဝှက်ကျောင်း(ခ)ဦးကျုံး
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၃၁၊ ၃၇ လမ်းနေ ဒေါ်လျောင်လေအုံး၏ခင်ပွန်း၊ ဦးသိန်းကေ-ဒေါ်လျှန်လိစန်း၊ ဦးသိန်းကက်-ဒေါ်မာလာသွယ်၊ ဒေါ်လျူတင်ကျိန်-ဦးမောင်မောင်ကြီး၊ ဒေါ်သိန်းမင်း၊ ဦးသိန်းစိုး-ဒေါ်သီသီလွင်၊ ဦးသိန်းစိန်-ဒေါ်စန်းစန်းထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသံချောင်း
(တောသားလေး ဒန်အိုးစက်ပိုင်ရှင်)
အသက်(၇၅)နှစ်

(ဦးသာဒင်-ဒေါ်အေးချယ်)တို့၏သားကြီး၊ (ဦးဖိုးဦး-ဒေါ်ဇီး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဒေါ်အုန်းရင်၏ခင်ပွန်း၊ ဗိုလ်မှူးမင်းဟန်(ငြိမ်း)(နယ်စပ်စည်ပင်ဝန်ကြီးဌာန)-ဒေါ်သန်းသန်းဌေး၊ ဦးနိုင်စိုး-ဒေါ်ယဉ်ယဉ်ဌေး၊ ဦးလှဌေး-ဒေါ်အေးမိငယ်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချိုချို(ခ)ဒေါ်သန်းစီ
အသက်(၈၂)နှစ်

(ဦးဖိုးကွယ်-ဒေါ်မေရှင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ ၅၃၆/၈ နေ ဦးရဲဝင်း (လ/ထညွှန်ကြားရေးမှူး၊ငြိမ်း၊အကောက်ခွန်ဦးစီးဌာန)၏ဇနီး၊ ဦးထွန်းစီ(ဒု-အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဝင်းဝင်း၊ ဦးအောင်ထွန်း-ဒေါ်မာမာချိုတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၀နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းတော်ရှေ့မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မျိုးဇော်ထွန်း(ခ)
ဖိုးဇော်
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရွာမ၊ အနောက်ရပ်ကွက်၊ လှော်ကားလမ်းမနေ ဦးစံရင် (သစ်အုပ်၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ရွှေတို့၏သားထွေး၊ ဦးလှဦး (TR, RLSU-2)-ဒေါ်စုစုလှိုင်(FF3,ငွေ)၊ ဦးအေးသိန်း(အမှတ်-၁၀၊ သစ်စက်)-ဒေါ်ဖြူဖြူလှ(အထက-၆၊အလုံ)၊ ဦးဝင်းဌေး-ဒေါ်မြမြချစ်၊ ဦးဌေးအောင်-ဒေါ်အေးမြ၊ ဒေါ်မြင့်မြင့်စိန်(သစ်တောဖက်စပ်၊ ဝါးတစ်ရာစက်ရုံ)တို့၏ ညီ/မောင်၊ ဦးဇော်လင်းထွန်း-ဒေါ်ရင်ရင်ထွေးတို့၏အစ်ကိုသည် ၂၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကိုကိုလေး
(စိန်ရွှေရှင်-ဓမ္မသာကစ္စာ)
ရန်ကင်းမြို့နယ်
ဓမ္မသာကစ္စာအတွင်းရေးမှူး
အသက်(၅၉)နှစ်

တိုက်အမှတ် ၂၁၆၊ အခန်း ၃၂၊ ရန်ကင်း ၁၂ လုံးတန်း၊ (၃)ရပ်ကွက်၊ ရန်ကုန်မြို့နေ (ဦးရွှေနီ-ဒေါ်စိန်စိန်)တို့၏သား၊ ဒေါ်အေးအေးလှိုင် (S/N ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ ခင်ပွန်း၊ မောင်ဝရကိုကို၊ လေးသစ္စာလှိုင်၊ လေးမေတ္တာလှိုင် (ILBC)၊ မောင်အေးဖြိုးကိုကိုတို့၏ဖခင်ကြီးသည် ၂၆-၄-၂၀၀၄ ရက် (တနင်္လာနေ့) ည ၈း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှခင် (မုဒုံ)
အသက်(၉၀)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ် ၁၂၀ (A၊ နှစ်လွှာ)နေ (ဦးအေးဖေ-ဒေါ်မြမေ)တို့၏ သမီး၊ ဒေါ်သန်းမေ(ကထိက၊ဌာနမှူး၊မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၂)၊ သထုံမြို့၊ ရွှေချောင်းလမ်းနေ ဦးအောင်မြင့်သိန်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင်၊ မြေးလေးယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ဂျပန်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ဂျပန်ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြခင်
အသက်(၈၆)နှစ်

ဒလမြို့နယ်၊ အုံ့ကြီး(အနောက်)ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် ၇၈၀ နေ (ဦးဆင့်)၏ဇနီး၊ ဦးအောင်ဌေး-ဒေါ်တင်ရီ၊ ဒေါ်ညွန့်တင်၊ ဦးသိန်းဝင်း-ဒေါ်ခင်လှ၊ ဦးမြသောင်း-ဒေါ်တင်မေ၊ ဦးတင်လှိုင်၊ ဦးသန့်ဇင်တိုး-ဒေါ်မြင့်မြင့်ကြည်တို့၏မိခင်သည် ၂၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အုံ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှသောင်း (ရွှေတောင်)
အသက်(၇၁)နှစ်

မြပိုးထည်တိုက် ဒေါ်ညွန့်ညွန့်ခင်၊ (ဒေါ်ခင်ကြည်)တို့၏မောင်၊ဦးမြင့်ကြည်၏အစ်ကိုသည် ၂၅-၄-၂၀၀၄ရက် မွန်းလွဲ ၂း၄၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် နံနက် ၉း၄၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ
နိုင်ငံတော်ဗဟိုရ်သံဃာ့ဝန်ဆောင်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက တောကျောင်း ပဝါရဏာဂိုဏ်းကြီး၏ ဂဏာဓိပတိ လဗ္ဗီပေသလသိက္ခာကာမ ဝိနယဂရုကသံသာရာဘီရုက ပရိယတ္တိ ဆကဂဏဝိရောစနေ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဆရာတော်ကြီးသည် ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၅ ရက်(သောကြာနေ့) ည ၁၂း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ကဆုန်လပြည့်နေ့ (၃-၅-၂၀၀၄ရက်) မွန်းလွဲ ၂ နာရီတွင် ထီးဖြူတော်ဖွင့်ကြာကလာပ်တင် စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တောကျောင်းတိုက်စိန္တာမုနိဘုရားကြီးကျောင်းတိုက်
တပည့်သံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေဘိုမြို့ ရွှေခြသေ့ပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ သာသန (တိုင်းသံဃာ့ဝန်ဆောင်)
သာသနဓဇသိရီပဝရ ဓမ္မာစရိယမဟာဂန္ထဝါစကပဏ္ဍိတ
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

စစ်ကိုင်းတိုင်း၊ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ရွှေခြသေ့ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသာသနသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ အန္တိမဈာပနပူဇာသဘင်ကို ကဆုန်လပြည့်ကျော် ၅ ရက် (၈-၅-၂၀၀၄ရက်)တွင် စီစဉ်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေလာသ (မော်ကျွန်း)
(ဖောဓိတစ်ထောင်ဆရာတော်)
သက်တော်(၅၀)၊ သိက္ခာတော်(၃၀)

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ နတ်မှူးကျေးရွာအုပ်စု၊ အောင်လှိုင်ကျေးရွာ၊ ဖောဓိတစ်ထောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေလာသသည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် (၁၁-၄-၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (၂-၅-၂၀၀၄ရက်)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ၊အောင်လှိုင်ကျေးရွာ။

ဒုတိယဗိုလ်မှူးကြီးစန်းမောင်
အသက်(၄၅)နှစ်

မြင်းခြံမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးသာဆိုင်)-ဒေါ်တင်အောင်တို့၏သားကြီး၊ မန်းရေနံမြေနေ ဦးတိုးလွင်-ဒေါ်သင်းသင်း၊ မြင်းခြံမြို့နေ ဒေါ်သင်းသင်းကြည်တို့၏အစ်ကို၊ ကိုအောင်ဆန်းဝင်း-မညွှန့်ကြည်တို့၏မောင်၊ မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ(ဦးကျော်သောင်း)-ဒေါ်သန်းရီတို့၏သားသမက်၊ မြင်းခြံမြို့၊ ရွာစည်ရွာနေ ဦးကံညွှန့်၊ ဦးကံမြင့်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စန်းတို့၏ တူ၊ မိတ္ထီလာမြို့နေ ဒေါ်ပြုံးပြုံး၏ ခင်ပွန်း၊ မောင်ရဲလင်းထွန်း၊ မသိမ့်သိမ့်ထွန်း၊ မမေအင်ကြင်းထွန်းတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးစန်းမောင်သည် မိတ္ထီလာမြို့၌ ၂၆-၄-၂၀၀၄ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာမြို့ရှိ စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်စိုးစိုး (မြင်းခြံ)
B.A (မြန်မာစာ)
အသက်(၃၃)နှစ်

မြင်းခြံမြို့၊ ၄၅ လမ်းနေ ပွဲစားကြီး ဦးဘသွင်-ဒေါ်စိန်ညွှန့်၊ မန္တလေးမြို့၊ ၄၂ လမ်းနေ ဦးဘထွေး-ဒေါ်ကျန်တို့၏မြေး၊ မြင်းခြံမြို့၊ ၄၅ လမ်းနေ ပွဲစား (ဦးရိုရှ်)-ဒေါ်ရီရီတို့၏ ဒုတိယသား၊ မြင်းခြံမြို့နေ ဦးသန်းစိန်(မီးသတ်ဦးစီး၊ ငြိမ်း)-ဒေါ်သန်းညွှန့်၊ (ဦးထွန်းတင်)-ဒေါ်ရီ၊ ရန်ကုန်မြို့နေ ဗိုလ်မှူးဘိုနီ-ဒေါ်ညိုညိုသောင်း၊ မန္တလေးမြို့နေ ဦးစိန်ရ-ဒေါ်လှဝင်း၊ (ဦးဘိုသိန်း)-ဒေါ်ကြည်ကြည်ထွေး၊ (ဦးအောင်ကြည်)-ဒေါ် ခင်နု၊ ဒေါ်ခင်ဥ၊ ဒေါ်တင်တင်ဝင်း၊ တောင်သာမြို့နေ ဦးကျော်ကျော်-ဒေါ်မြင့်မြင့်၊ မန္တလေး မြို့နေ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ဟန်တို့၏တူ၊ ရန်ကုန်မြို့နေ ကိုမျိုးမျိုး-မမီမီအောင်တို့၏ညီ၊ မြင်းခြံမြို့နေ မဖြူဖြူသွယ်၏အစ်ကို၊ မောင်အာကာမင်း၊ မမီးမီးတို့၏ဦးလေးသည် ၁၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) တွင် မန္တလေးမြို့ တောင်မြင့်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိုးသိန်း
(မြန်မာ့အလင်းသတင်းစာ၊ငြိမ်း)
အသက်(၆၈)နှစ်

ပဲခူးတိုင်း၊ ရွှေကျင်မြို့၊ အနောက်ဘက် စံပြကျေးရွာနေ (ဦးကာစီ-ဒေါ်ဖွားမေ)တို့၏သား၊ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၂၀၁ နေ ဒေါ်သောင်းစိန်၏ ခင်ပွန်း၊ (မအေးအေးသန်း)၊ ဒုတပ်ကြပ်သိန်းထွန်း(တပ်မတော်-လေ)၊ မောင်ကြည်သိန်း (ကညန၊ ဒဂုံတောင်)တို့၏ ဖခင်သည် ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာခင်မာဝေ(ခ)
Rose Marie
Ph. D Biological Sciences (Japan)
အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊ ဇီဝနည်းပညာမဟာဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြစပယ်လမ်း၊ အမှတ် ၃၀ နေ (အငြိမ်းစားသံအမတ်ကြီး ဦးခင်မောင်လေး-(ဒေါ်ခင်မမ)တို့၏သမီးကြီး၊ဒေါက်တာခင်မာဆွေ-ဦးသန့်ဇင်(ဒု-အင်ချုပ်၊ ဗိသုကာ)၊ ဦးခင်မောင်ထွန်း(ကျောက်မျက်၊ငြိမ်း)-ဒေါ်မြင့်မြင့်သန်း (ပါမောက္ခ၊ သတ္တဗေဒ၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာထွေး၊ ဦးသန်းဌေး-ဒေါ်မိုးဆန်းတို့၏အစ်မကြီး၊ မောင်ကျော်သန့်ဇင်၊ မစုနန္ဒာ၊ မောင်ရဲလင်းမြတ်(T.T.C) တို့၏ကြီးကြီးသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် St. Jude ဘုရားရှိခိုးကျောင်း (ရန်ကင်း)၌ ဝတ်ပြုဆုတောင်းပွဲပြုလုပ်ပြီး ရေဝေးခရစ်ယာန်သုသာန်တွင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်ညွန့်
(ပန်းတိုင်)ကြည့်မြင်တိုင်
အသက်(၉၀)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် ၄၄ နေ (ဦးပြားအုံ-ဒေါ်အေးခင်)တို့၏သမီး၊ (ကြံတိုင်းအောင်-ဦးဘသောင်း)၏ဇနီး၊ ဦးတင်စိုး-ဒေါ်အေးအေးမြတ်၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းရီ၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်ခင်ချိုသောင်း၊ ဦးအောင်မြင့်စိန်-ဒေါ်ခင်မြင့်သောင်း၊ ဒေါ်ခင်အုံးမြင့်၊ ဦးတင်ဦးမောင်-ဒေါ်သန်းသန်းဦးတို့၏ မိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှရီ
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နေ (ဦးစံအေး-ဒေါ်သောင်းတင်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်း၊ အမှတ် ၂၈၈ နေ ဦးအေးချို(ယာဉ်/စက်၊ ငြိမ်း)၏ဇနီး၊ တကကချစ်လွင်(တပ်မတော်-လေ)-ဒေါ်စန်းရီမေ(အထက၊ နတ်စင်ကုန်း)၊ မခင်လှချို (M.Sc Engineering Chemistry)တို့၏မိခင်၊ မသိမ့်ရီလွင်ထွန်း၊ မထက်ရီလွင်ထွန်းတို့၏အဘွားသည် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

၃-၅-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မင်းဓမ္မကုန်းတော် ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တတိယအကြိမ် မဟာဗောဓိပင် ညောင်ရေသွန်းပွဲအခမ်းအနားကို မေ ၅ ရက် ကဆုန်လပြည့်နေ့ ညနေ ၄ နာရီတွင် အဆိုပါကုန်းတော်ပေါ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ-၂၀၀၁၃၄

မှော်ဘီမြို့နယ်တွင် ကန်ကလေးမြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးခဲ့
နွေစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေဖြည့်ဆည်းပေးရန် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေမှာကြား

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့သို့သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ▼

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီး နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထ-ပ-ဆ)

ကန်တော်ကြီးဥယျာဉ်စိမ်းလန်းစိုပြည်သာယာလှပစေရေး ဇုန်လေးဇုန်ခွဲ၍ ဘက်စုံအဆင့်မြင့်တည်ဆောက်လျက်ရှိ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့တော်၏ အထင်ကရဥယျာဉ်ကြီးတစ်ခုဖြစ်သော ကန်တော်ကြီးဥယျာဉ်သည် မြေပြင်ဧရိယာ၁၁၀ဧက၊ ရေပြင်ဧရိယာ ၁၅၀ဧက စုစုပေါင်း ၂၆၀ဧကကျယ်ဝန်းသည်။ ကန်တော်ကြီးနှင့်တွဲဖက်လျက်ရှိသောကြောင့် မျက်စိပသာဒတင့်တယ်ပြီး အပန်းဖြေနားနေသူများအတွက် ကျန်းမာရေးနှင့်လည်း ညီညွတ်သောနေရာတစ်ခုဖြစ်သည်။ ကန်တော်ကြီးဥယျာဉ်၏ ကန်ပတ်လမ်းတစ်လျှောက်၌ အဆင့်မြင့်ဟိုတယ်ကြီးများ တည်ရှိသကဲ့သို့ ကန်တော်ကြီးအတွင်းမှ အနောက်ဘက်သို့မျှော်ကြည့်လိုက်လျှင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးအား ကြည်ညိုဖွယ်ဖူးတွေ့ရမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာမြေကြီးမြင်ကွင်း



ယာပုံမှာ နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်ပေါ်မှ ကမ္ဘာမြေကြီးအား တွေ့မြင်ရသည့် မြင်ကွင်းပုံကို ဥရောပအာကာသအေဂျင်စီက ရိုက်ကူးထားပုံဖြစ်သည်။ ဆိုယုဇ်ဒုံးပျံတွင် သေးငယ်သော ယိုစိမ့်မှုတစ်ခုကို ရှာဖွေတွေ့ရှိထားသဖြင့် အာကာသယာဉ်မှူးသုံးဦးကို ကမ္ဘာမြေကြီးသို့ ပြန်ခေါ်ယူခဲ့ရသည်။ **(ဓာတ်ပုံ-အင်တာနက်)**

မီးတောင်ပြန်လည်အသက်ဝင်လာ

ပစိဖိတ်မြောက်ပိုင်း မာရီယာနာကျွန်းစုတွင်ရှိသော အနာတာဟန်ကျွန်းပေါ်မှ မီးတောင်တစ်တောင်သည် ပြန်လည်သက်ဝင်လာပြီး ပြာများကိုမှုတ်ထုတ်လျက်ရှိရာ စုပုံလာမည့်မီးပြာများ၏အန္တရာယ်ကိုကာကွယ်ရေးအတွက်ပစိဖိတ် မြောက်ပိုင်း၌ နေထိုင်သူများကိုသတိပေးထားသည်။ **(ဝဲပုံ)**



(ဓာတ်ပုံ-အင်တာနက်)

ကန်တော်ကြီး ပတ်ဝန်းကျင် လှပစေရန် အရောင်းဆိုင်များ ဖွင့်လှစ်၍ အလှပန်းအိုးများကို ရှေးအနုပညာလက်ရာများဖြင့် ပြုလုပ်ထားသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ကန်တော်ကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသည့် Water Plaza အား လှပစွာ ဤသို့တွေ့ရသည်။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)